# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၂၆ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၆၅)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ဆိုင်ကလုန်းကျရောက်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့၌ ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် အထူးကုဆေးကုသရေးအဖွဲ့ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ဆိုင်ကလုန်းမိုခါ ကျရောက်ခဲ့သော ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို အားဖြည့်ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ ဆေးရုံများမှ အထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအပြင် အထွေထွေရောဂါကုသမားတော်၊ ခွဲစိတ်အထူးကု၊ အရိုးအထူးကု၊ ကလေးအထူးကုဆရာဝန်များ ပါဝင်သော အထူးကုဆေးအဖွဲ့များ စေလွှတ်၍ ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အငြိမ်းစားအထူးကုဆရာဝန်ကြီးများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ အထူးကုဆရာဝန်ကြီးများ၊ ပုဂ္ဂလိကအထွေထွေရောဂါကုဆရာဝန်များပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့သည် ဝိသာခါဖောင်ဒေးရှင်း၏ ပူးပေါင်းကူညီပံ့ပိုးမှုဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ သွားရောက်ကာ ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့၌ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

အထူးဆေးကုသရေးအဖွဲ့ ကုသနေမှုများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

*စာမျက်နှာ ၄ ကော်လံ ၁* ❒


**ယနေ့** *မာ တိ ကာ*

## "မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ(၈)

**(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

ဆောင်းပါး | စာ ၁၀


## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၀၁၀ ဖြစ်

**နေပြည်တော် ဇွန် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် မျိုးစပါးများ ပထမအကြိမ် ပို့ဆောင်

**နေပြည်တော် ဇွန် ၂၅**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သော မျိုးစပါးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ စီမံလမ်းညွှန်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လိုအပ်သည့် မျိုးစပါးများကို တင်ပို့ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့စီမံဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့မှ ဝယ်ယူခဲ့သည့် ပေါ်ဆန်းရင်မျိုးစပါးတင်း ၁၄၀၀၀ ကို တပ်မတော်မော်တော်ယာဉ် ၆၃ စီးဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေမှ ဝယ်ယူခဲ့သည့် GW-11 မျိုးစပါး ၉၂၅၃ တင်းကို တပ်မတော်မော်တော်ယာဉ် ၄၇ စီးဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်မှ ဝယ်ယူခဲ့သည့် နှံကောက်မျိုးစပါး တင်း ၄၃၃၀ ကို တပ်မတော်မော်တော်ယာဉ် အစီး ၂၀ ဖြင့်လည်းကောင်း ဇွန် ၂၄ ရက်က ပထမအကြိမ် သွားရောက်ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စပါးမျိုးများကို မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ရာတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ

*စာမျက်နှာ ၃ ကော်လံ ၅* ❍



## လူကုန်ကူးမှုအန္တရာယ် သတိထားရှောင်ရှား တွေ့မြင်ကြားသိပါကလည်း လျင်မြန်စွာသတင်းပို့

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ပြစ်မှုထင်ရှားသဖြင့် တရားခံအား အလုပ်နှင့် ထောင်ဒဏ်ချမှတ်သည့် သတင်းများ မကြာခဏဆိုသလို တွေ့ရှိနိုင်သည်။ လူကုန်ကူးမှုကျူးလွန်သူတို့၏ လိမ်လည်လှည့်ဖြားသည့် သဘောသဘာဝများ၊ အကျိုးအမြတ် ခေါင်းပုံဖြတ်မှုများနှင့် ပြစ်ဒဏ်ကျခံရမှုများကို အဆိုပါ သတင်းများတွင် တွေ့ရှိပြီး သင်ခန်းစာများ ရယူနိုင်သည်။

လူကုန်ကူးမှုအများစုတွင် ကျူးလွန်ခံရသူရော ကျူးလွန်သူပါ အမျိုးသမီးများဖြစ်နေသည်ကို တွေ့ရသည်။ ဤသည်မှာ အရွယ်ရောက်ပြီးသူ အမျိုးသမီးကိုဖြစ်စေ၊ အမျိုးသမီးငယ်ကို ဖြစ်စေ ပြောဆိုစည်းရုံးရာတွင် အမျိုးသမီးအချင်းချင်း ပြောဆိုစည်းရုံးခြင်းဖြင့် ပိုမိုယုံကြည်ခြင်း၊ ပိုမိုလွယ်ကူခြင်းတို့ကြောင့်ပင် ဖြစ်သည်။ တစ်ဖက်နိုင်ငံတွင် အလုပ်အကိုင်ကောင်းကောင်း ရမည်၊ စရိတ်ငြိမ်း လစဉ်ငွေကျပ် မည်ရွေ့မည်မျှရမည်၊ နိုင်ငံခြားသားနှင့် ယူပါက ငွေကြေးအများအပြားရမည် စသည်ဖြင့် မက်လုံးပေးစည်းရုံး၍ လိမ်လည်လှည့်ဖြားခေါ်ဆောင်ကာ လူကုန်ကူးမှုကျူးလွန်ကြပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူကြသည့်ပုံစံမှာ အထပ်ထပ်ကြမ်းနေပြီဖြစ်စေကာမူ ဤနည်းအတိုင်း ဆက်လက်ကျူးလွန်ခံနေကြရဆဲဖြစ်ရာ အမျိုးသမီးငယ်၊ ရွယ်များအား အသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် စဉ်ဆက်မပြတ် ပြုလုပ်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်နေခြင်းကြောင့်ပင်ဖြစ်သည်။

လူကုန်ကူးသူများ အသုံးပြုသောနည်းလမ်းများမှာ အလုပ်အကိုင်/ ဝင်ငွေများ မက်လုံးပြပြီး ဆွဲဆောင်ခြင်း၊ ပြည်ပအလုပ်အကိုင်ကို အကြောင်းပြ၍ ဖြားယောင်းသွေးဆောင်ခြင်း၊ အခက်အခဲကြုံတွေ့သူတို့အား ကယ်တင်ရှင်သဖွယ် လှည့်စားပြီး ရောင်းစားခြင်း၊ မိဘမဲ့/ ပရဟိတလုပ်ငန်း အသွင်သဏ္ဌာန်ပြု၍ လှုပ်ရှားဆောင်ရွက်ခြင်း၊ အိမ်ဖော်ပွဲစားလုပ်ငန်းအသွင်ဖြင့် လှည့်ဖြားခြင်း၊ အလှပြင်ဆင်ဗန်းပြပြီး မိန်းကလေးများစုဆောင်း၍ ရောင်းစားခြင်း၊ ရည်းစားအဖြစ်သိမ်းသွင်းပြီး နယ်စပ်သို့ အလည်အပတ် ခေါ်ဆောင်ရောင်းစားခြင်း၊ တရားဝင်လက်ထပ်ပြီး နယ်စပ်သို့အလည်အပတ်ခေါ်၍ ရောင်းစားခြင်း၊ လူကုန်ကူးခံရဖူးသူများကလည်း တစ်ခါတစ်ရံ လူကုန်ကူးမှုကျူးလွန်ခြင်း၊ သဘာဝဘေးဒဏ်၊ စစ်ဘေးဒဏ်ကြုံတွေ့သည့် ခိုကိုးရာမဲ့သူများအား ဖြားယောင်း၍ လူကုန်ကူးခြင်း စသည်တို့ဖြစ်ရာ အထူးသတိပြုရန် လိုအပ်ကြောင်း တာဝန်ရှိသူများ၏ သတိပေးထားမှုတို့ကို အလေးအနက် ဂရုပြုကြရန်လိုသည်။

ယနေ့ကမ္ဘာပေါ်တွင် လူပေါင်း ၄၆ သန်းခန့် လူကုန်ကူးခံကြရပြီး နှစ်စဉ်လည်း တိုးတက်လျက်ရှိသည်ဟု ဆိုသည်။ မိမိတို့နိုင်ငံသည် လူကုန်ကူးမှု ကမ္ဘာ့အဆင့်(၉)တွင် ရှိနေရာ ထိုင်း၊ တရုတ်၊ မလေးရှား၊ အရှေ့အလယ်ပိုင်းနိုင်ငံများသို့ လူကုန်ကူးခံရသူများက အများဆုံးဖြစ်ပြီး ပြည်တွင်း၌လည်း ပြည့်တန်ဆာလုပ်ငန်း၊ အိမ်ဖော်လုပ်ငန်းနှင့် အဓမ္မစေခိုင်းမှုတို့အတွက် လူကုန်ကူးမှုများ ကြီးထွားလာနေသည်ဟု သိရသည်။ နိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်အကိုင်ရှာဖွေမှု များပြားလျက်ရှိရာ လူကုန်ကူးမှုအန္တရာယ်ကလည်း ပိုမိုကြီးထွားလာသည်။ လူကုန်ကူးမှု ၁၀၀ လျှင် ပြည်ပသို့ လူကုန်ကူးမှု ၈၀ ဒသမ ၃၂ ရာခိုင်နှုန်းရှိပြီး ပြည်တွင်းလူကုန်ကူးမှု ၁၉ ဒသမ ၆၈ ရာခိုင်နှုန်းရှိသည်။ လူကုန်ကူးခံရသူထက်ဝက်မှာ အမျိုးသမီးများနှင့် ကလေးများဖြစ်သည်။

လူကုန်ကူးမှုကို ခေတ်သစ်ကျေးကျွန်ပြုမှုအဖြစ် ရှုမြင်ကြပြီး ကမ္ဘာလုံးဆိုင်ရာ ပြဿနာလည်းဖြစ်နေသည်။ ဒုစရိုက်သမားတို့အဖို့ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှောင်ခိုမှုတို့ပြီးလျှင် လူကုန်ကူးမှုက အကျိုးအမြတ်အများဆုံးရရှိသော ဒုစရိုက်လုပ်ငန်းဖြစ်နေရာ ဆက်လက်၍ ကျူးလွန်နေကြဦးမည်သာဖြစ်သည်။ လူကုန်ကူးမှုသည် ကျူးလွန်ခံရသူကိုပါ စည်းရုံး၍ သိုသိပ်စွာ ကျူးလွန်ကြခြင်းကြောင့် ဖော်ထုတ်နိုင်ရန်လည်း ခက်ခဲလှပေရာ ပြည်သူလူထုက လူကုန်ကူးမှုအန္တရာယ်ကို သတိပြုရှောင်ရှားနိုင်ရေးနှင့် မိမိတို့ပတ်ဝန်းကျင်၌ တွေ့မြင်ကြားသိလာပါကလည်း သက်ဆိုင်ရာသို့ လျင်မြန်စွာ သတင်းပို့နိုင်ရေးတို့အတွက် တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မင်းဘူး(စကု) မြို့နယ် ကမ်းနီလျှပ်စစ်ရေတင် ဧရိယာအတွင်း သုံးသီးစိုက် သီးနှံစတင်စိုက်ပျိုးမှု ကွင်းဆင်းစစ်ဆေး



**မကွေး ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက မင်းဘူးခရိုင် မင်းဘူး (စကု) မြို့နယ် ကမ်းနီလျှပ်စစ်ရေတင် ဧရိယာအတွင်း သုံးသီးစိုက်သီးနှံ စိုက်ပျိုးသွားမည့် စိုက်ကွင်းများအား ကွင်းဆင်းစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ်းနီလျှပ်စစ်ရေတင်၏ ရေပေးဝေရေးဧရိယာ ရွာသာယာကျေးရွာအုပ်စု ကွင်းအမှတ် (၁၄၁၂) ဦးပိုင် ၂၉ တောင်သူ ဦးလှအောင်၏ မိုးပဲတီစိမ်း (ရေဆင်း-၁၄) စိုက်ပျိုးဖြစ်ထွန်းမှုစိုက်ခင်းကို ကွင်းဆင်းကြည့်ရှု၍ မိုးဦးပဲတီစိမ်း - မိုးစပါး - ဆောင်းမတ်ပဲသီးနှံ သုံးသီးစိုက်ပျိုးမည့် လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လျှပ်စစ်ရေတင်ဧရိယာအတွင်းရှိ သီးနှံစိုက်တောင်သူများနှင့် တွေ့ဆုံပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက စိုက်ကွင်းအလိုက် သီးနှံစိုက်ပုံစံများ၊ စိုက်ပျိုးထုတ်လုပ်သွားမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မင်းဘူး (စကု) မြို့နယ်တွင် လယ်မြေစိုက်ဧရိယာ ၃၆၂၀၇ ဧကတွင် စိုက်ပျိုးရေကို လိုအပ်သလို ရရှိနိုင်သည့် အခြေအနေများရှိသဖြင့် သီးနှံပင်၏ သက်တမ်းအလိုက် ဖြစ်ထွန်းမှုအဆင့်နှင့်အညီ သီးနှံစိုက်ပျိုးမှုပုံစံမှန်ကန်စေရေးနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှု ဧရိယာကို သုံးသီးစိုက်ဧရိယာ အပြည့်အဝဖြစ်ထွန်းအောင်မြင်စေရေး အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သီးနှံ၏ စိုက်ပျိုးထုတ်လုပ်နိုင်မှု သဘာဝအခြေအနေနှင့် မိမိတို့၏ကြိုးစားအားထုတ်နိုင်မှု အခြေအနေတို့ကို ပိုမိုသိရှိနားလည် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားကာ တက်ရောက်လာသည့် ဒေသခံတောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍတိုးတက်စေရေး လုပ်ငန်းလိုအပ်မှုတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းဘူး (စကု) မြို့နယ် ကမ်းနီ လျှပ်စစ်ရေတင်လုပ်ငန်းအား ကွင်းဆင်းစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၇၅၇ ဧက စိုက်ပျိုးရေပေးဝေမှု၊ ရေတင်လုပ်ငန်းမှ ဘဏ္ဍာနှစ်အလိုက် စိုက်ပျိုးသီးနှံ ဓာတ်အားခ၊ ရေခွန်ကောက်ခံရရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဆောင်ရွက်သည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းဘူးမြို့ရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ဂါလန် သုံးသိန်းဆံ့ သံကူကွန်ကရစ်ရေလှောင်ကန် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးမြို့ရှိ ပြည်သူများ သောက်သုံးရေ ဖူလုံစွာ အမြန်သုံးစွဲနိုင်ရေးအတွက် ရေလှောင်ကန် တည်ဆောက်မှုလုပ်ငန်း အမြန်ပြီးစီး ဖြန့်ဝေပေးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

မင်းဘူးမြို့သည် အိမ်ထောင်စု ၅၀၀၀ ခန့်ရှိပြီး လက်ရှိရေပေးဝေမှုမှာ ရေဂါလန် ခြောက်သိန်းခန့်ရှိသဖြင့် ယခုတည်ဆောက်လျက်ရှိသော ဂါလန် သုံးသိန်းဆံ့ ရေကန်တည်ဆောက်ပြီးစီးပါက တစ်နေ့လျှင် ရေဂါလန် ကိုးသိန်းခန့် ဖြန့်ဝေပေးနိုင်မည်ဖြစ်ပြီး မင်းဘူးမြို့ တစ်မြို့လုံး သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းမှာ မကြာမီပြီးစီးတော့မည်ဖြစ်၍ မြို့သူ မြို့သားများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ**

## မြောက်ဦးမြို့နယ်၌ သက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲ ကျင်းပ

**မြောက်ဦး ဇွန် ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲကို မြောက်ဦးမြို့ လိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အောင်ညွှန့်စိန်က ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသူသင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချသည့် သင်ခန်းစာများကို လက်တွေ့ နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချလုပ်ကိုင်ကြစေလိုကြောင်း၊ မိမိတို့ရပ်ရွာရှိ စိတ်ဝင်စားသော ဒေသခံပြည်သူများကိုလည်း လက်ဆင့်ကမ်း မျှဝေပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါသင်တန်းကို ဇွန် ၅ ရက်မှ ၂၅ ရက်အထိ ၂၀ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် အခမဲ့ပို့ချသင်ကြားပေးကြောင်းနှင့် သင်တန်းသူ ၂၀ တက်ရောက်သင်ကြားကြောင်း သိရသည်။

**ကိုသန်း**



တောင်ကုတ် တက္ကသိုလ်၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်က တက္ကသိုလ်ဝင်း အတွင်း၌ ကျင်းပရာ တောင်ကုတ်တက္ကသိုလ် ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အရိပ်ရအပင်များနှင့် ပန်းပင် ၄၀၀ ကျော်ကို စိုက်ပျိုးကြစဉ်။

သတင်းစဉ်

# ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွင်း ထံမှ ပေးပို့သည့် သဝဏ်လွှာ

## ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူနိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းလိုက်ပါသည်။

၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ (၃၆)ကြိမ်မြောက် ရှိပြီဖြစ်ပါသည်။

ကမ္ဘာနှင့်အဝှမ်း ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာသည် လူသားမျိုးနွယ်စုအပေါ် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆုတ်ယုတ်ပျက်စီးစေသည့်အပြင် နိုင်ငံ့လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာထိခိုက်စေပါသည်။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုပြဿနာ၊ လူလုပ် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပြဿနာများနှင့် ရင်ဆိုင်နေရပြီး ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် နိုင်ငံတော်ကိုယ်စားပြု ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ လုပ်ငန်းအဖွဲ့အသီးသီးကို စနစ်တကျဖွဲ့စည်း၍ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရအဆက်ဆက် အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ မူးယစ်ဆေးဝါး သုံးစွဲသူများ၊ စိုက်ပျိုးသူများ၊ ထုတ်လုပ်သူများ၊ သယ်ဆောင်သူများ၊ ဖြန့်ဖြူးရောင်းချသူများ အမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးရမိ အရေးယူခဲ့သော်လည်း မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများ လျော့နည်းသွားခြင်းမရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာ ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂကွန်ဗင်းရှင်း ၃ ခုတွင် ပါဝင်လက်မှတ်ရေးထိုးထားပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂ အပါအဝင် ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ရန်ကုန်မြို့အခြေစိုက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် UNODC၊ ဩစတြေးလျနိုင်ငံ AFP၊ အမေရိကန်နိုင်ငံ DEA၊ တရုတ်နိုင်ငံ NNCC၊ ထိုင်းနိုင်ငံ ONCB တို့နှင့်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်ရေးဆွဲခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လုပ်ငန်းစီမံချက်များရေးဆွဲကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရမှလည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို ခေတ်မီစက်ပစ္စည်းကိရိယာများတပ်ဆင်ပြီး မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊

> ◆ **မူးယစ်ဆေးဝါးကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ပါ သယ်ဆောင်ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများအား လျော့နည်းပပျောက်စေရန်အတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်**

ရောင်းဝယ်မှုများကို ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

နိုင်ငံတော်၏အစီအစဉ်ဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့ချနိုင်ရန် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့၊ သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့နှင့် မွေးမြူရေးအဖွဲ့တို့မှ အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုကို တဖြည်းဖြည်း လျှော့ချလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်ဆောင်ရွက်လျက်ရှိပြီး ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှုနှင့် လမ်းလွဲမရောက်ရှိစေရေး ဓာတုပစ္စည်းအသုံးပြုသည့် လုပ်ငန်းရှင်များ၊ ဓာတုပစ္စည်းနှင့်သက်ဆိုင်သည့်ဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ထိန်းချုပ်ဓာတုပစ္စည်းများဆိုင်ရာ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့် မူဝါဒများဆိုင်ရာ အသိပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းသားလူငယ်များအတွက် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဗဟုသုတများကို အဆင့်မြင့်နှင့် အခြေခံပညာကျောင်းများ၊ ကျောင်းပြင်ပစခန်းများ အားလုံးသို့ ဖြန့်ဝေပေးလျက်ရှိပါသည်။ ကျောင်းအခြေပြုပညာပေးလုပ်ငန်းစဉ် (၇)ရပ်တွင်လည်း မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေးကို ဦးစားပေးလုပ်ငန်းစဉ်(၁)အဖြစ် ထည့်သွင်းထားပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးစွဲသူများ ဆေးကုသမှုခံယူနိုင်စေရေးနှင့် နောက်ဆက်တွဲအန္တရာယ်များလျှော့ချနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနမှ မူးယစ်ဆေးစွဲ ရောဂါကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခုနှင့် မက်သာဒုံးဆေးခန်း ၈၆ ခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဖြတ်ပြီးသူများ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြန်လည်ထူထောင်ရေးစခန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယနေ့မျက်မှောက်ခေတ်ကာလ၌ မူးယစ်ဆေးဝါးပြဿနာအား ရှုမြင်သုံးသပ်ရာတွင် တားဆီးနှိမ်နင်းရေးနှင့် ထိရောက်သောတရားစီရင်ရေး ကဏ္ဍတစ်ခုတည်း ဆောင်ရွက်၍မရဘဲ ပြည်သူ့ကျန်းမာရေး၊ လူမှုဘဝမြင့်မားရေး၊ လူသားချင်းစာနာထောက်ထားရေး၊ ဖွံ့ဖြိုးရေး၊ အခြေခံလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးဆိုင်ရာကဏ္ဍများမှ ဘက်ပေါင်းစုံချဉ်းကပ်မှုပုံစံဖြင့် ပြဿနာ၏ အရင်းအမြစ်တစ်ခုလုံးကို လွှမ်းခြုံ၍ အပြန်အလှန် အမှီသဟဲပြုဆောင်ရွက်ရန် လိုအပ်လာကြောင်း တွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုကို ပြစ်မှုအဖြစ်သတ်မှတ်ခြင်းမပြုတော့ဘဲ ဆေးကုသမှုခံယူနိုင်ရေး နိုင်ငံတော်အစိုးရနှင့် လူမှုအဖွဲ့အစည်းများမှ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းခြင်းနှင့် ကုသရေးအစီအစဉ်များကို လူထုအတွင်းရောက်ရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်လာကြပြီး ဆေးရုံဆေးခန်းအခြေပြု ဆေးကုသရေးလုပ်ငန်းများအပြင် လူထုအခြေပြုဆေးကုသရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လာခဲ့ကြသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်အနေဖြင့် အသစ်ပေါ်ပေါက်လာသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ရှေ့ပြေးဓာတုပစ္စည်းများကို ဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ကာ ထိန်းချုပ်သွားမည်ဖြစ်သည့်အပြင် တိုးတက်ခေတ်မီသည့် မူးယစ်ဆေးဝါးရှာဖွေသည့်ကိရိယာများ၊ မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းများ စုံစမ်းဖော်ထုတ်သည့် ပစ္စည်းကိရိယာများ၊ နည်းပညာများကိုအသုံးပြုလျက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ပါ သယ်ဆောင်ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများအား လျော့နည်းပပျောက်စေရန်အတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင် ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အနေဖြင့်လည်း ပြောင်းလဲလာသည့် မူးယစ်ဆေးဝါးပြဿနာများအပေါ် သုံးသပ်ပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှလည်း ပါဝင်ကူညီပေးကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ယခုနှစ် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ ပေးပို့သောဆောင်ပုဒ် "People first: stop stigma and discrimination, strengthen prevention" "ခွဲခြားနှိမ့်ချ ကင်းစင်ဝေး၊ ကာကွယ်ရေးကို အလေးပေး၊ လူသားအားလုံး ကျန်းမာရေး" ဆိုသည့်အတိုင်း အလေးထားလိုက်နာ ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်ဖြစ်သည့် "ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး" အတွက် အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို အားလုံးအတူတကွ ပူးပေါင်းတိုက်ဖျက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ *ရှေ့ဖုံးမှ*

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၀၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါကအရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

ရဲတပ်ဖွဲ့ဝင်များက ကူညီတင်ဆောင်ပေးခဲ့ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် လိုအပ်လျက်ရှိသည့် မျိုးစပါးများကို အချိန်မီရရှိရေး ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မုန်တိုင်းဒဏ်ခံနိုင်ရန် အရိပ်ရ လေကာပင်များကို ရှင်သန်ကြီးထွားအောင် စနစ်တကျ စိုက်ပျိုး

**စစ်တွေ ဇွန် ၂၅**
ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(စစ်တွေ)၊ ရေချမ်းပြင်ဘူတာ၊ အားကစားနှင့် ကာယပညာသိပ္ပံ(စစ်တွေ)၊ ရခိုင်ပြည်နယ်လွှတ်တော် အဆောက်အအုံ၊ ဧည့်ရိပ်သာနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက မိုးရာသီကာလဖြစ်သဖြင့် ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ကြရန်၊ မုန်တိုင်းဒဏ်ခံနိုင်ရန် အရိပ်ရ လေကာပင်များကို ရှင်သန်ကြီးထွားအောင် စနစ်တကျ စိုက်ပျိုးသွားကြရန်၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန်နှင့် သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်သွားကြရန် မှာကြားပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ရောက်ရှိပြီး ဝိရူပက္ခနှင့် ပြည်တော်အေး-၂ သင်္ဘောများပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးပို့ရန် စီမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး အထူးကုဆရာဝန်ကြီးများကမုန်တိုင်းဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ဆေးကုသမှုခံယူနေကြသူများကိုကြည့်ရှုအားပေးပြီး (ဝဲပုံ) အထူးကုဆရာဝန်ကြီးများနှင့် ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများထံ လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။


ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးများ နည်းပညာတက္ကသိုလ်(စစ်တွေ)ရှိ အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးများ ရေချမ်းပြင်ဘူတာအတွင်း ကြည့်ရှုစစ်ဆေးစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တာဝန်ရှိသူများ အားကစားနှင့် ကာယပညာသိပ္ပံ(စစ်တွေ)အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အဆိုပါ ပြည်သူ့ဆေးရုံကြီး၌ နှလုံးရောဂါ၊ အဆုတ်နှင့် ရင်ခေါင်းရောဂါ၊ ဆီးနှင့် ကျောက်ကပ်ရောဂါ၊ ဦးနှောက်ရောဂါ၊ အာရုံကြောနှင့် အတက်ရောဂါ၊ အရိုးအဆစ် သွေးလေးဘက်နာရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ အသည်းရောဂါ၊ ဆီးချိုနှင့် ဟော်မုန်းရောဂါ၊ သွေးရောဂါ၊ ကလေးသွေးရောဂါ၊ ကင်ဆာရောဂါနှင့် အထွေထွေရောဂါများကို ကုသပေးလျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ဆက်သွယ်ရေးမိုဘိုင်းစခန်းများ ထိခိုက်ပျက်စီးခဲ့ရာ ယနေ့အထိ မိုဘိုင်းစခန်းပေါင်း ၁၂၉ ခုကို ပြန်လည်ပြုပြင်ပြီးဖြစ်၍ မိုဘိုင်းဖုန်းဆက်သွယ်ရရှိမှုအနေဖြင့် ၉၉ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❒ ***ရွှေ့ဖုံးမှ***
ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ အထူးကုဆေးကုသရေးအဖွဲ့ကို နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်- ၁၀၀၀) မှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့်က ဦးဆောင်၍ နှလုံးရောဂါ၊ ဆီးနှင့် ကျောက်ကပ်ရောဂါ၊ အဆုတ်နှင့် ရင်ခေါင်းရောဂါ၊ အရိုး၊ အကြော၊ အဆစ်ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ ဆီးချိုနှင့် ဟော်မုန်းရောဂါ၊ သွေးရောဂါ၊ အရေပြားရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါနှင့် အထွေထွေရောဂါကုသမားတော်ကြီးများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ ပါဝင်ပြီး ပြည်သူ့ဆေးရုံကြီးစစ်တွေမြို့မှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဆေးကုသမှုများအပြင် Ultrasound, CT scan စသည့် ဓာတ်မှန်ဖြင့် ရောဂါရှာဖွေစမ်းသပ်မှုများ၊ ဓာတ်ခွဲစမ်းသပ်ကုသမှုများ၊ အစာအိမ်နှင့်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုပေးခြင်းတို့ကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အထူးကုဆေးကုသမှုတွင် ဒေသခံပြည်သူ စုစုပေါင်း ၁၁၄၄ ဦးကို ဆေးကုသမှုများဆောင်ရွက်ပေးခဲ့ရာ နှလုံးဆိုင်ရာ ၁၄၅ဦး၊ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာ ၄၈ ဦး၊ အဆုတ်နှင့် ရင်ခေါင်းဆိုင်ရာ ၃၈ ဦး၊ အရိုး၊ အကြော/အဆစ်ဆိုင်ရာ ၂၉၉ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၅၅ ဦး၊ ဆီးချိုနှင့် ဟော်မုန်းရောဂါဆိုင်ရာ ၇၅ ဦး၊ သွေးရောဂါဆိုင်ရာ ၁၇ ဦး၊ အရေပြားရောဂါဆိုင်ရာ ၁၀၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ၁၂၉ ဦး၊ အသည်းရောဂါဆိုင်ရာ ၂၁ ဦး၊ ကလေးသွေးရောဂါ ၃၅ ဦးနှင့် အထွေထွေရောဂါဆိုင်ရာ ၁၇၈ ဦးတို့ကို ကုသမှုပေးနိုင်ခဲ့သည်။

ထို့ပြင် ကွန်ပျူတာဓာတ်မှန်(CT scan) ရိုက်ကူးခြင်း ခြောက်ဦး၊ တီဗွီဓာတ်မှန် (Ultrasound) ရိုက်ကူးခြင်း ၂၄ ဦး၊ ဓာတ်မှန်ရိုက်ကူးခြင်း ၄၇ ဦး၊ သွေးစစ်ဆေးခြင်း ၈၆ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း ၁၉ ဦး၊ အသံလှိုင်းဖြင့် နှလုံးပုံရိပ်ဖော်စက် (Portable Echocardiogram)ဖြင့် စစ်ဆေးခြင်း ၂၀ တို့ကိုလည်းကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်သို့အထူးကုဆရာဝန်ကြီးများ ပါဝင်သော ဆေးကုသရေးအဖွဲ့များ ဆက်လက်စေလွှတ်၍ ရောဂါရှာဖွေကုသမှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


**ဆီဆိုင်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က ဆိုက်ခေါင်ကျေးရွာ နမ့်ပါမူးရေထွက်၌ ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်လှသိန်းက အမှာစကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်နှင့်အဖွဲ့ဝင်များက တက်ရောက်လာသူများထံ ပျိုးပင်များကိုပေးအပ်ပြီး ဒေသခံများက ပျိုးပင်ပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ မျိုးမြတ်(ဆီဆိုင်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေးပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် တွေ့ဆုံ



နေပြည်တော် ဇွန် ၂၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)စက်ရုံ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာန စီမံခန့်ခွဲရေးအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံစီမံကိန်း တည်ဆောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) မှ စက်ရုံမှူးနှင့် ဌာနတာဝန်ခံများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံ၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ အလုပ်ရုံအလိုက် လုပ်ငန်းလိုအပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**အားသွန်ခွန်စိုက် ဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းတွင် အောက်ဆီဂျင်ထုတ်လုပ်ရေး အလုပ်ရုံရှိ စက်ပစ္စည်းများ စစ်ဆေးခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် တိတိကျကျ အစစ်ဆေးခံနိုင်ရေးနှင့် စီမံကိန်း ပြန်လည်စတင်နိုင်ရေး အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအပ်နှံဆောင်ရွက်မည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်သွားရန်နှင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် လိုအပ်သော လူစွမ်းအား အရင်းအမြစ်များ ဖြည့်ဆည်းနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရေး အလေးပေး ဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။ (အပေါ်ပုံ)

**အေဂျင်စီများ ဖွဲ့စည်းထား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဒေသဆိုင်ရာ MSME ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီများ ဖွဲ့စည်းထားရှိပြီး ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများလည်းရှိသည့်အတွက် အဆိုပါတိုင်းနှင့် ဒေသများတွင်လည်း ဒေသဆိုင်ရာ MSME အေဂျင်စီများ ဖွဲ့စည်းထားရှိပြီး ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အေဂျင်စီများအနေဖြင့် MSME များ မှတ်ပုံတင်ခြင်း ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး အေဂျင်စီ၏ လုပ်ငန်း ဆောင်ရွက်ချက်များကို လစဉ်လုပ်ငန်းကော်မတီသို့ အစီရင်ခံ တင်ပြရန်နှင့် လုပ်ငန်းကော်မတီမှ ဗဟိုကော်မတီသို့ စုစည်းသုံးသပ် တင်ပြအစီရင်ခံသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် MSME Web Portal မှတစ်ဆင့် Member Card လျှောက်ထားနိုင်ပြီး ငွေပေးချေမှုကိုလည်း E- Payment နှင့် ပေးချေနိုင်ပြီဖြစ်ကြောင်း၊ မကြာမီ SME Member Card နှင့်အတူ SME ယာယီမှတ်ပုံတင် လက်မှတ်များကိုလည်း တစ်ပါတည်း ထုတ်ပေးသွားမည်ဖြစ်ပြီး ဥပဒေ ပြင်ဆင်ပြဋ္ဌာန်းပြီးပါက မိုက်ခရိုအဆင့် လုပ်ငန်းများအတွက်ပါ မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌက ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများဆိုင်ရာကိစ္စရပ်များနှင့် MSME Web Portal ဆိုင်ရာကိစ္စရပ်များ၊ ချေးငွေရရှိရေး ကိစ္စရပ်များကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တက်ရောက်လာသူများမှ ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်ခရိုင်အတွင်း စိုက်ပျိုးစွမ်းအား မြှင့်တင်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပြည် ဇွန် ၂၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် ဇွန် ၂၅ ရက် နံနက်က ပြည်ခရိုင်အတွင်း စိုက်ပျိုးစွမ်းအား မြှင့်တင်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်မြို့ မော်ဇာကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၂၂ ဒသမ ၄ သန်းဖြင့် ကမ္ဘာ့ရေးဟောင်းသမိုင်းဝင် သရေခေတ္တရာ ရေးဟောင်းဇုံပတ်လမ်း (နဂါးတွန့်တံခါးပေါက်မှ ကျောင်းကုန်းကျေးရွာလမ်းပိုင်း) လမ်းတာပေါင်တိုးချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းပိုင်းအလိုက် သတ်မှတ်စံချိန်နှင့်အညီ ဆောင်ရွက်ရန်၊ ကျေးရွာတွင်းလမ်းများ ပျက်စီးမှုမရှိစေရေးနှင့် ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာအလိုက်လမ်းကော်မတီဖွဲ့စည်း၍ ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ရန်နှင့် လမ်းပေါ်ရေဝပ်မှုမရှိစေရေးနှင့် ရေသွင်းရေထုတ်ပြွန်ပေါက်များ ထည့်သွင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်မြို့နယ် တွင်းဖျည်းအုပ်စု ကြို့ရသာကျေးရွာ၌ တောင်သူ ဦးတင်ထွဋ်၏ ထိုင်းနံ့ကောက်မျိုး မိုးစပါးအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုနှင့် တောင်သူ ဦးဝင်းအောင်၏ ဆယ်တန်းသွားမျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးနေမှုတို့အား ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများအား ကြံခင်းစနစ် လျှော့ချနိုင်ရေးအတွက် ဆယ်တန်းသွားမျိုးစေ့ချကိရိယာနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များအား ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်ရှိ ရောဝတီမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်နှင့် ကမ်းဘေးတစ်လျှောက် ကမ်းထိန်းသစ်ပင်များ စိုက်ပျိုးရန်၊ ဧရာဝတီမြစ်အတွင်း သောင်ခုံများအား ရေလွှဲကာများ တည်ဆောက်၍ ရေလမ်းကြောင်းဖြောင့်ခြင်းလုပ်ငန်းများအား နှစ်စဉ်စီမံချက်များ ချမှတ်၍ တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်မြို့ ကမ်းနားလမ်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးသည် ၂၀၂၂-၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိပြီး ဝိဇ္ဇာဘာသာတွဲ နိုင်ငံတော်အဆင့်(၄)ရရှိသည့် မစုမြတ်လင်းအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များမှ စုပေါင်းဂုဏ်ပြုငွေကျပ်သိန်း ၁၀၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်မြို့၌ စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ပြည် ဇွန် ၂၅

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်စီစဉ်ပေးမှုအရ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ပြည်မြို့ စည်ပင်သာယာမြို့မဈေးကြီး ဈေးခေါင်းရုံးရှေ့၌ ကိုယ်တိုင် စိုက်ပျိုး/ မွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်၍ ဒေသတွင်းပြည်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် စားသောက်ကုန်ပစ္စည်းများရောင်းချပေးခြင်းကို ဇွန် ၂၅ ရက်က ဆက်လက်ရောင်းချလျက်ရှိသည်။

ထိုသို့ရောင်းချပေးခြင်းကို နေ့စဉ်နံနက်ပိုင်းတွင် ရောင်းချပေးလျက်ရှိပြီး ယနေ့ရောင်းချရာတွင် ပြည်မြို့နယ် ကျေးရွာများရှိ ဒေသထွက် ဟင်းသီးဟင်းရွက်မျိုးစုံအပါအဝင် ဆန်၊ စားအုန်းဆီနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးကြောင်းနှင့် ရောင်းချပေးနေမှုအား ပြည်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။ **(ယာပုံ)**

**ကိုဆက်(ပြန်/ဆက်)**



# စိုက်ပျိုးရေးကျောင်း ပျဉ်းမနား ရာပြည့်ပွဲ ဒုတိယနေ့ နေပြည်တော် ရှစ်မြို့နယ်မှ တောင်သူများနှင့် ဒေသခံပြည်သူများလာရောက်လေ့လာ

**နေပြည်တော် ဇွန် ၂၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့သည် ယနေ့တွင် စိုက်ပျိုးရေးကျောင်း ပျဉ်းမနား စတင်တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြပွဲသို့ လာရောက်လေ့လာကြသည့် နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်မှ တောင်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လယ်ယာကဏ္ဍ ပိုမို ဖွံ့ဖြိုးလာရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရေးဆိုင်ရာများ အားပေးစကားပြောကြားပြီး တောင်သူများနှင့်အတူ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**စိတ်ပါဝင်စားစွာ လေ့လာ**

စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)ကျောင်းဝင်းအတွင်း ကျင်းပလျက်ရှိသည့် အဆိုပါပြပွဲတွင် နှစ်(၁၀၀) သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံနှင့် ခေတ်အဆက်ဆက် သုံးစွဲခဲ့သည့် ရှေးဟောင်းလယ်ယာသုံးစက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ လက်သမားပစ္စည်းများကို ဗဟုသုတဖြစ်ဖွယ် ခင်းကျင်းပြသထားသကဲ့သို့ ခေတ်အဆက်ဆက် စိုက်ပျိုးရေးပညာရပ် သင်ရိုးညွှန်းတမ်းပြခန်းများ၊ ခေတ်မီစက်မှုလယ်ယာသုံး ယာဉ်ယန္တရားပစ္စည်းများ၊ စိုက်ပျိုးရေပေးဝေရေးဆိုင်ရာ ပြခန်းများ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများ၏ မျိုးစေ့များနှင့် စိုက်ပျိုးရေးသွင်းအားစုများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ မိတ်ဆက်အရောင်းပြခန်းများ ခင်းကျင်းပြသထားမှုကို ဒေသခံပြည်သူများ၊ တောင်သူများက စိတ်ပါဝင်စားစွာ လာရောက်လေ့လာလျက်ရှိသည်။

**လက်တွေ့ရှင်းလင်းပြသ**

ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မျိုးစေ့နှင့် သွင်းအားစု အရည်အသွေးမှန်ကန်ရေး စိစစ်အသုံးပြုရန် လိုအပ်ချက်များ၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုရာတွင် အရည်အသွေးမှန်ကန်စွာ ရွေးချယ်နိုင်ရန် သတိပြုရမည့်အချက်များကို နည်းပညာပေးဟောပြောဆွေးနွေးပြီး လက်တွေ့ရှင်းလင်းပြသကြသည်။ **(အပေါ်ယာပုံ)**

ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ပျဉ်းမနား၊ တပ်ရင်း၊ တပ်ခွဲများ အခြေချတပ်စွဲခဲ့သည့်နေရာဖြစ်သော စိုက်ပျိုးရေးသိပ္ပံကျောင်းနယ်မြေသည် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း



တွင် တန်ဖိုးကြီးမားသည့် ဒေသတစ်ခုဖြစ်သကဲ့သို့ စိုက်ပျိုးရေးပညာသမိုင်းတွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော စိုက်ပျိုးရေးသိပ္ပံအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင် အမြောက်အမြားကို မွေးထုတ်ပေးနိုင်ခဲ့သည်။ Mr.Brayton Clarke Case (ဗိုလ်ကိတ်ကြီး) က စိုက်ပျိုးရေးကျောင်းအဖြစ် စမ်းသပ်ဖွင့်လှစ်ခဲ့ပြီး ၁၉၂၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် နှစ်(၁၀၀) သက်တမ်းရှိ အဆောက်အအုံကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးဟောင်းအဆောက်အအုံ အမှတ်– နပတ – ၃၀၀၁ အဖြစ် သတ်မှတ်ပေးခဲ့သဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် ပထမဦးဆုံးသော ရှေးဟောင်းအဆောက်အအုံဖြစ်၍ ဒေသခံပြည်သူများက ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် သစ်ပင်စိုက်ပွဲ တက်ရောက်ပြီး တွံတေးမြို့နယ်အတွင်းရှိ မွေးမြူရေးဇုန်ဆောင်ရွက်မည့်မြေနေရာနှင့် နွားခြံများအား လှည့်လည်ကြည့်ရှု

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ လှိုင်သာယာ – တွံတေးလမ်း ဘီအိုစီမှ ပန်းလှိုင်တံတားထိပ်အထိ ဘေးဝဲ၊ ယာတွင် ၃ နှစ်သားရှိစိန်ပန်း အပင် ၁၅၀ စိုက်ပျိုးခြင်းသို့ တက်ရောက်ပြီး စိန်ပန်းပင်များကို စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွံတေးမြို့နယ် တလုတ္တော်ကျေးရွာအနီးတွင် မွေးမြူရေးဇုန် ဆောင်ရွက်မည့် မြေနေရာများကို ကြည့်ရှုရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်ကျော်က ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်မှ သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွံတေးမြို့နယ် ဇောတိကျေးရွာရှိ ပုဂ္ဂလိက ရောထွန်းနွားမွေးမြူရေးခြံသို့ ရောက်ရှိရာ နွားအကောင်ရေ ၂၀၀ ကျော် မွေးမြူထားရှိမှုကို လည်းကောင်း၊ ဘုရားငုတ်တိုကျေးရွာရှိ ရွှေတွံတေးပုဂ္ဂလိကအလှမွေးနွားမွေးမြူရေးခြံတွင် နွားအကောင်ရေ ၄၀ မွေးမြူထားရှိမှုကို လည်းကောင်း ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက မွေးမြူထားရှိမှုများနှင့် အစာကျွေးသည့် စနစ်များကို ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ဝန်ကြီးချုပ်သည် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ကုန်တင်ကားကြီးဝင်းအတွင်း ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# မြေပုံမြို့နယ်၌ မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြေပုံ ဇွန် ၂၅**

ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ၂၀၂၃ ခုနှစ် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၉ နာရီက အငူကျေးရွာအုပ်စု အငူကျေးရွာရှိ ဗုဒ္ဓရင်ရိုးတော်ဓာတ်စေတီမြတ်ကြီး၏ အရှေ့ဘက် ဒီရေရောက်ကွင်းပြင်၌ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

သစ်ပင်စိုက်ပျိုးပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးထွဋ်ခေါင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ရဲမှူးစိုးညွန့် ထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ အငူရင်ရိုးတော်ဓာတ်စေတီတော်မြတ်ကြီး၏ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအသင်းအဖွဲ့အစည်းများနှင့် အငူကျေးရွာရှိ ဒေသခံပြည်သူများတက်ရောက်ကြပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝေယံမြင့်ချိုက စိုက်ပျိုးမည့်ပျိုးပင်များကို ဗိုလ်မှူးကြီး ထွဋ်ခေါင်နှင့် ဂေါပကဥက္ကဋ္ဌတို့အား ပေးအပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ဖြူးဒီရေတောပျိုးပင် ၁၀၀၀ အား ဒီရေတောသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပူတာအို၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ သင်တန်းကျောင်း၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပူတာအို ဇွန် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း(ပူတာအို)တွင် ဝန်ကြီးဌာန၏ညွှန်ကြားချက်နှင့်အညီ ကျောင်းဝန်းကျင်စိမ်းလန်းစိုပြည်လာစေရေးအတွက် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ ရက် နံနက် ၇ နာရီက အဆိုပါ သင်တန်းကျောင်းဝင်း၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပူတာအို) ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှမောင်က ဒုတိယကျောင်းအုပ်နှင့် နည်းပြ ဒေါ်စွဲ့ရီရီမြင့်၊ ကျောင်းသားကျောင်းသူများ ကိုယ်စားလှယ်နှစ်ဦးတို့အား စိုက်ပျိုးမည့်အပင်များကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို) ကျောင်းအုပ်ဆရာကြီး၏ဦးဆောင်မှုဖြင့် ဒုတိယကျောင်းအုပ်နှင့် နည်းပြများ၊ ကျောင်းသားကျောင်းသူများက မန်ကျည်းရှားပင် ၂၀၊ စိန်ပန်းပင် ၃၀၊ ပိန္နဲပင် ၁၀၊ ဂရိတ်ဖရုပင် ၄၀၊ ရေသင်းဝင်ပင် ၅၀၊ သစ်အယ်ပင် ၃၀၊ ထောပတ်ပင် ၅၀ စုစုပေါင်း အပင် ၂၃၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။



ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွန်တိုင်ကျေးရွာအုပ်စုရှိ အစိုးရစက်မှု (အထက) ကျောင်းခြံဝင်းအတွင်း ပြုလုပ်သော မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး နယ်စပ်ဒေသ ဂန္ဓာရီလူငယ်ဖွံ့ဖြိုးရေးပရဟိတသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့သည်။ ထို့ပြင် အဆိုပါပရဟိတဘုန်းတော်ကြီးကျောင်းတွင် နေထိုင်လျက်ရှိသော ကျောင်းသူ ကျောင်းသားများကို တွေ့ဆုံအားပေးစကားများ ပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ပြီး(ဝဲပုံ) လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပဒဲကောကျေးရွာရှိ သံတွဲခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ပြုလုပ်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေပြည်တော်ဝင်ကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဓမ္မစေတီကျောင်းတိုက်၊ တာမွေမြို့နယ်ရှိ အရိယာမဂ္ဂင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ အနန္တမေတ္တာကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ပညာပါရမီကျောင်းတိုက်နှင့် လှိုင်မြို့နယ်ရှိ ပဏ္ဍိတာရာမကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဓမ္မဗိမာန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန် မြို့နယ်ရှိမူလသစ်ဆိမ့်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဒီပဲယင်းတိုက်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် မြို့နယ်ရှိ စလင်းကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သီရိမင်္ဂလာရွှေမန်းပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ တောရကျောင်းတိုက်များသို့ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၅**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပူးပေါင်း၍ မြို့တွင်းရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၂၅**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီး ဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မိုင်းကိုင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုင်းကိုင် ဇွန် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၈ နာရီက လွယ်ပူတောက်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ပျိုးပင်များ ပေးအပ်သည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအင်အား ၃၀၀ ကျော် တက်ရောက်ကြပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး ရာသီဥတုညီညွတ်မျှတစေရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သစ်တောသစ်ပင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသော ကျွန်း၊ မဲဇလီ၊ ရေသင်းဝင်စသည့် ပျိုးပင်ပေါင်း ၆၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း မိုင်းကိုင်မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။ **ကျော်ဇေဦး(မောရှမ်းမြေ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပြင်ဦးလွင်မြို့တွင် ၆ ဒသမ ၂၆ လက်မ၊ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၈၀ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၈၆ လက်မ၊ မချမ်းဘောမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ပဲခူးမြို့တွင် ၂ ဒသမ ၈၈ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ နေပြည်တော်(ဇေယျာသီရိမြို့နယ်)တွင် ၂ ဒသမ ၄၈ လက်မ၊ မိုင်းဆတ်မြို့တွင် ၂ ဒသမ ၄၄ လက်မနှင့် ပျဉ်းမနား(ဝဲကြီး)၊ မောင်တောမြို့၊ သံတွဲမြို့နှင့် ရန်ကုန်(မရမ်းကုန်းမြို့နယ်)တို့တွင် ၂ ဒသမ ၄၀ လက်မစီတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခိုအောင်းနေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက သွားရောက်တိုက်ခိုက်ချေမှုန်း၊ လက်နက်၊ ခဲယမ်းများနှင့် အကြမ်းဖက်သမား အလောင်းအချို့ သိမ်းဆည်းရရှိ

**နေပြည်တော် ဇွန် ၂၅**

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်များနှင့် အကြမ်းဖက် လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံ ပြည်သူအချို့၏ လျှို့ဝှက် ဆက်သွယ် သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ် ညွှန်ကြားမှုဖြင့် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမား များသည် စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာ၊ ဥယျာဉ် ကျေးရွာနှင့် လက်ပံတောကျေးရွာ များအနီး လက်နက်၊ ခဲယမ်းများ နှင့်အတူ ခိုအောင်းနေကြောင်း သိရှိရသဖြင့် တပ်မတော် စစ်ကြောင်းများက ယနေ့တွင် သွားရောက် ချေမှုန်းတိုက်ခိုက် ခဲ့ရာ PDF အမည်ခံအကြမ်းဖက် သမားအလောင်းအချို့၊ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်း များကို သိမ်းဆည်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း အကြမ်းဖက် လုပ်ငန်းမျိုးစုံ လုပ်ဆောင်လျက် ရှိသည့် PDF အမည်ခံအကြမ်းဖက် အဖွဲ့ ၁ ဖွဲ့သည် စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာ အနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်း သတင်း အရ တပ်မတော်စစ်ကြောင်း များက သွားရောက်၍ လိုအပ် သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယာယီ စခန်းတစ်ခုအား တွေ့ရှိခဲ့သဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက် သမားများထံမှ စနိုက်ပါသေနတ် ၁ လက်အပါအဝင် လက်နက်မျိုးစုံ ၁၅ လက်၊ ၁၀၇ မမဒုံးသီး နှစ်လုံး အပါအဝင် ခဲယမ်း၊ ဗုံးသီးများ၊ ကျည်မျိုးစုံ ၅၀၀၉ တောင့်နှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင် ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်း ဆည်းရမိခဲ့သည်။



ကင်းတော်ကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ။


အလားတူ ဆက်စပ်သတင်း များအရ PDF အမည်ခံအကြမ်းဖက် အဖွဲ့များသည် စစ်ကိုင်းမြို့နယ် ဥယျာဉ်ကျေးရွာနှင့် လက်ပံတော ကျေးရွာများအနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ရောက်ရှိ ခိုအောင်းနေကြောင်း သတင်းအရ တပ်မတော် စစ်ကြောင်းများက သွားရောက်၍ လိုအပ်သည့်လုံခြုံ ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ ရာ အကြမ်းဖက်သမားများထံမှ လက်နက်မျိုးစုံ ၂၇ လက်၊ ခဲယမ်း၊ ဗုံးသီးအချို့နှင့် အကြမ်းဖက်လုပ်ငန်း များ ဆောင်ရွက်ရာတွင် အသုံးပြု သည့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ လက်နက်များနှင့် ဆက်စပ်ပစ္စည်း များအား လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် အကြမ်း ဖက်အဖွဲ့များအနေဖြင့် အဆိုပါ လက်နက်များကို ကိုင်ဆောင်၍ ဒေသခံပြည်သူများကို အနိုင်ကျင့် ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ ပြည်သူများအပေါ် စိတ်မထင်လျှင် မထင်သလို သတ်ဖြတ်ခြင်းများ ဆောင်ရွက် လျက်ရှိရာ ရပ်ရွာတည်ငြိမ် အေးချမ်းအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူ တစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ရန် သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**







ဥယျာဉ်ကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်း များနှင့် ဆက်စပ်ပစ္စည်းများ။





လက်ပံတောကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ။

## ရေတာရှည်မြို့နယ်၌ စပါးမျိုးစေ့ချကိရိယာလွှဲပြောင်းပေးအပ်

**ရေတာရှည် ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်စေရေး အတွက် စိုက်နည်းစနစ်ပြောင်းလဲနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သည့် ဒေသနှင့်ကိုက်ညီသော စပါးမျိုးစေ့ချ ကိရိယာ လွှဲပြောင်းပေးအပ်ပွဲကို အမှတ် (၄၈) စက်မှုလယ်ယာစခန်း၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့် ခရိုင်စက်မှု လယ်ယာဦးစီးဌာနဦးစီးမှူး ဦးကျော်မင်းဦး တို့က စပါးမျိုးစေ့ချကိရိယာ လွှဲပြောင်း ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိ သူများက Drum Seeder မျိုးစေ့ချကိရိယာ အလုံး ၇၀ ကို ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရေတာရှည်(မြန်/ဆက်)**

❖ *ကျောဖုံးမှ*

ထင်းရှူးတောအနီး၌ Canter ၆ ဘီးမော်တော်ယာဉ်ကို ရှာဖွေခဲ့ရာ ယာဉ်မောင်း စိုင်းဆိုင်မိုင်း ယာဉ်နောက်လိုက် စိုင်းရှင်းသန့်ဇင်တို့နှင့်အတူ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁၄ ဒသမ ၁၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်း ဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း) ၇၀၅ ကီလို၊ ကက်တမင်း ၁ ကီလိုနှင့် မူးယစ်ဆေးဝါး ဘိန်းဖြူ ဂရမ် ၇၀၀ တို့တွေ့ရှိသိမ်းဆည်း ရမိခဲ့ပြီး ဖမ်းမိမူးယစ်ဆေးဝါးများကို ကရင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ရန် ရောက်ရှိ ပူးပေါင်း ဆောင်ရွက်သူများဖြစ်သည့် ရဲနောင်၊ နေလင်းထိုက်နှင့် လန်ဒိုမုန်တို့ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၁၀ ရက် မွန်းတည့် ၁၂ နာရီ တွင် ပြည်ကြီးတံခွန်မြို့နယ် Garden City အိမ်ရာဝင်း၌ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများ ဖြစ်ကြသည့် ဝင်းကျော်သူ၊ အောင်ဇော်မျိုးတို့ကို ဆက်လက် ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ စိုင်းဖ (ခ)အောင်မင်းခန့်၏ နေအိမ်မှ မြန်မာငွေကျပ် သိန်း ၁၀၀၀၊ ရွှေ ၂ ဒသမ ၅ ပိဿာ၊ မော်တော်ယာဉ် သုံးစီး ထပ်မံသိမ်းဆည်းရ မိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော် ထုတ်လျက်ရှိကြောင်း၊ အမှုတွင် ဆက်စပ်ပါဝင်သူများပိုင်ဆိုင် သည့် ရွှေ၊ ငွေ၊ ယာဉ်၊ နေအိမ်တိုက်ခန်းနှင့် ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# "မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ(၈) (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

မြင့်စိုး(နတလ)



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်တွေမြို့နယ် ပျားလည်ချောင်းကျေးရွာ၌ တောင်သူများအား မျိုးစပါးထောက်ပံ့ပေးစဉ်။

> "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသမြို့နယ်များတွင် မိုးစပါးအမီ ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် လယ်ထွန်စက်ကြီးများ ပေးပို့လာခဲ့ရာ စစ်တွေမြို့သို့ သင်္ဘောဖြင့် ရောက်ရှိလာခဲ့သည်။ ယင်းထွန်စက်များအနက် ၁၄ စီးကို ရေချမ်းပြင်ဆိပ်၌ တပ်မတော်ကမ်းထိုးရေယာဉ်များပေါ်သို့ တင်ဆောင်ကာ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ ခွဲဝေပို့ဆောင်ပေးခဲ့သည်"

**ရေချမ်းပြင်သို့ ရောက်ခဲ့သည်**

ကုလားတန်မြစ်ကို ဂစ္ဆပနဒီ သို့မဟုတ် ကစ္ဆပနဒီ မြစ်ဟု ခေါ်ကြသည်။ မယူမြစ် သို့မဟုတ် မလ္လာနဒီ ဟု ရှေးကခေါ်တွင်လာကြသည့် မေယုမြစ်ဆိုတာကလည်း ရှိနေသေးသည်။ လေးမြို့မြစ်ကိုမူ အဥ္စနနဒီဟု ခေါ်ဆိုကြကြောင်း သိရသည်။ ရန္ဒနဒီ (ခေါ်) ရန်ချောင်း၊ သီရိမာနဒီ (ခေါ်) သရေချောင်းတို့သည်လည်း ရခိုင်ပြည်နယ်၏ ထင်ရှားသော မြစ်ချောင်းများထဲမှာ ပါဝင်နေကြသည်။ အဆိုပါ မြစ်ချောင်းများသည် ရခိုင်ပြည်နယ်၏ အသက်သွေးကြောများဆိုလျှင် မမှားပေ။ ဤမည်သော မြစ်ချောင်းများစွာတို့ကိုအမှီပြု၍ စားရေရိက္ခာပေါများခဲ့သည်။ သမိုင်းစဉ်တစ်လျှောက် ဆန်ရေစပါး ပေါများကြွယ်ဝရာ အရပ်ဒေသဖြစ်ခဲ့ခြင်းကြောင့် ဓညဝတီဟူ၍ အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်း သုတေသီများကဆိုကြသည်။ ထို့ပြင် တဝ ပေ၊ ပုရပိုဒ်၊ ကျောက်စာများတွင်ပါရှိသည့်အတိုင်း သေလာဂီရိ၊ မောရပဗ္ဗတ၊ သီရိဂုတ္တ၊ နီလာပဗ္ဗတအစရှိသော တောတောင်အမည်နာမများဖြင့် ထေရဝါဒဗုဒ္ဓသာသနာယဉ်ကျေးမှုထွန်းကားရာ၊ သာသနာရောင်ဝါထွန်းလင်းတောက်ပရာဒေသ ဖြစ်ခဲ့ခြင်းကြောင့်လည်း ဓညဝတီကို ရွှေပြည်ငွေပြည် သို့မဟုတ် ရတနာရွှေမြေဟူ၍လည်း ခေါ်ဝေါ်သမုတ်ခဲ့ကြကြောင်း မှတ်သားခဲ့ဖူးသည်။

ဝတီလေးရပ်အမည်နာမဖြင့် ထင်ရှားကျော်ကြားခဲ့သော ရခိုင်ပြည်နယ်သို့ ၁၉၉၇ ခုနှစ်တွင် စတင်ရောက်ဖူးခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်များတွင်မူ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ပေးနေသော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကြောင်းပြု၍ မကြာမကြာရောက်ခွင့်ကြုံခဲ့သည်။ မယူမြစ်(ခေါ်) မေယုမြစ်ကိုဆန်၍ ဘူးသီးတောင်သို့ သွားရောက်ကာ ထိုမှတစ်ဆင့် ဘူးသီးတောင်-တောင်ဘဇာ လမ်းဖောက်လုပ်နေမှု၊ တောင်ဘဇာမှ ဗန္ဓုလလမ်း ၄၅/၀ မိုင် ဖောက်လုပ်ရန် လျာထားဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ဖူးသည်။ မောင်တောဒေသတွင်မူ ဝေသာလီ-ဥဒေါင်းလမ်း ၁၃/၀ မိုင်ကို ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးထားပြီးဖြစ်သည်။ ဤမည်သော မောင်တောဒေသကို ဘူးသီးတောင်မှတစ်ဆင့် သွားလာနိုင်သကဲ့သို့ စစ်တွေမှ ရေချမ်းပြင်ကူးတို့ဆိပ်သို့ သွားရောက်ပြီး စက်လှေဖြင့် ပင်လယ်ဝကိုဖြတ်၍ အငူမော်ဆိပ်ကမ်းဘက်သို့ကူးကာ အငူမော်မှ မောင်တော ၅၀/၀ မိုင်ကို ကားဖြင့် သွားရောက်နိုင်သည်။ အငူမော်မှ ၂၄/၀ မိုင်ခန့်အကွာတွင် ကျောက်ပန္နူဟု အမည်ရသော ရွာလေးရှိနေသည်။ ထိုရွာလေးအနီးက ပင်လယ်ထဲမှာ ထီးထီးမားမားကြီး တွေ့မြင်နိုင်သော ကျောက်တုံးကြီးတစ်တုံးရှိနေသည်။ အဝေးက လှမ်းကြည့်လျှင် ဆေးတံခေါင်းကြီးနှင့်တူနေသောကြောင့် ရခိုင်စကားအရ ကျောက်ပန္နူ၊ ကျောက်ဆေးတံကြီးဟု ခေါ်တွင်ခြင်းဖြစ်ကြောင်း သိရသည်။ ကျောက်ဆေးတံကြီးကို အနီးကပ်သွားရောက်ကြည့်ရှုလျှင် ထိုင်စရာပလ္လင်ကြီးတစ်ခုနှင့် တူနေပြန်သည်။ တစ်ချိန်က သီတာမင်းသမီးထိုင်ခဲ့ဖူးသော ပလ္လင်ဖြစ်၍ မဟ်သီတာပလ္လင်ဟူ၍လည်း ခေါ်ခဲ့ကြကြောင်း ဒဏ္ဍာရီတစ်ပုဒ်သဖွယ် ကြားသိရပါသေးသည်။

တစ်ချိန်က မကြာခဏရောက်ခဲ့ဖူးသော ရေချမ်းပြင်ကူးတို့ဆိပ်သို့ ပြီးခဲ့သည့် ဇွန် ၄ ရက်က ပြန်လည်ရောက်ခွင့်ကြုံလာခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မိုခါမုန်တိုင်းဒဏ်သင့်ရခိုင်ဒေသမြို့နယ်များတွင် မိုးစပါးအမီ ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် လယ်ထွန်စက်ကြီးများပေးပို့လာခဲ့ရာ စစ်တွေမြို့သို့ သင်္ဘောဖြင့် ရောက်ရှိလာခဲ့သည်။ ယင်းထွန်စက်များအနက် ၁၄ စီးကို ရေချမ်းပြင်ဆိပ်၌ တပ်မတော်ကမ်းထိုးရေယာဉ်များပေါ်သို့ တင်ဆောင်ကာ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ ခွဲဝေပို့ဆောင်ပေးခဲ့သည်။ ယင်းသို့ပို့ဆောင်ပေးခြင်းကို စစ်တွေမြို့တွင် ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်ဦးဆောင်သည့်အဖွဲ့က သွားရောက်အားပေးကြည့်ရှုခဲ့ကြခြင်းဖြစ်သည်။

**သရုပ်ပြထွန်ယက်၊ မျိုးစပါးများပေးအပ်ခဲ့**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းသင့်ဒေသများတွင် အချိန်မီထွန်ယက်၍ မိုးစပါးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရောက်ရှိလာသော လယ်ထွန်စက်ကြီးများဖြင့် သရုပ်ပြထွန်ယက်ခြင်းနှင့် အထွက်တိုးစပါးမျိုးများ ပေးအပ်ပွဲအခမ်းအနားကို ပြီးခဲ့သည့် ဇွန် ၇ ရက်က စစ်တွေမြို့နယ် ပျားလည်ချောင်းကျေးရွာ (ရွာဟောင်း)၌ ပြုလုပ်ခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က ဂုဏ်ပြုအားပေးစကားများ ပြောကြားခဲ့ကြသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပန်းတိုင်အထွက်နှုန်း ရရှိစေရန် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုတိုက်တွန်းမှာကြားခဲ့သည်။ ဇွန် ၁၂ ရက်ကလည်း စစ်တွေမြို့နယ် ကွန်းတောင်ကျေးရွာ၌ သရုပ်ပြထွန်ယက်ခြင်းနှင့် မျိုးစေ့ပေးအပ်ပွဲပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့လည်း တက်ရောက်အားပေးခဲ့ကြသည်။

**မြို့နယ်အသီးသီးတွင် စက်မှုလယ်ယာက ထွန်ယက်ပေးနေ**

စက်မှုလယ်ယာဦးစီးဌာနသည် မြို့နယ်အသီးသီးတွင် မူလကတည်းကရှိပြီး ထွန်စက် အစီး ၅၀၊ ထပ်မံရောက်ရှိလာသော ထွန်စက် ၃၃ စီး စုစုပေါင်း ၈၃ စီးဖြင့် မိုးစပါးရာသီအမီ ထွန်ယက်ပေးလျက်ရှိရာ စစ်တွေမြို့နယ်၌ ထွန်စက် ၃၅ စီး၊ ရသေ့တောင်မြို့နယ်၌ ထွန်စက် ၁၄ စီး၊ ကျောက်တော်မြို့နယ်၌ ၁၃ စီး၊ မြောက်ဦးမြို့နယ်၌ လေးစီး၊ မင်းပြားမြို့နယ်၌ လေးစီး၊ သံတွဲမြို့နယ်၌ ခုနစ်စီး၊ ကျောက်ဖြူမြို့နယ်၌ နှစ်စီး၊ အမ်းမြို့နယ်၌ နှစ်စီး၊ မောင်တောမြို့နယ်၌ နှစ်စီးတို့ဖြင့် ဖြန့်ခွဲထွန်ယက်ပေးနေကြောင်း သိရသည်။

**စပါးမျိုးများ ပို့ဆောင်ပေးမည်**

မေ ၁၄ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့သော "မိုခါ"မုန်တိုင်းကြောင့် စစ်တွေမြို့ သိုလှောင်ရုံ၌ သိုလှောင်ထားသည့် စပါးမျိုးကောင်းမျိုးသန့် ၂၆၈၆၅ တင်းသည် သိုလှောင်ရုံပြိုကျမှုနှင့်အတူ ပျက်စီးဆုံးရှုံးခဲ့ရသည်။ အလားတူ မုန်တိုင်းဒဏ်ကို အများဆုံးခံခဲ့ကြရသည့် ရခိုင်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိ တောင်သူများ၏ မျိုးစပါးများသည်လည်း နေအိမ်များ အမိုးလန်ပျက်စီးမှုနှင့်အတူ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ သို့ဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်များအလိုက် မျိုးစပါးလိုအပ်မှုအခြေအနေကို ရယူခဲ့ရာ စစ်တွေခရိုင် စစ်တွေမြို့နယ် ကျေးရွာအုပ်စု ၁၂ စုရှိ

*စာမျက်နှာ ၁၁ သို့*



စစ်တွေမြို့နယ် ပျားလည်ချောင်းကျေးရွာ၌ လယ်ယာမြေများအား သရုပ်ပြထွန်ယက်ပေးစဉ်။



ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာ၌ လယ်ယာမြေများအား သရုပ်ပြထွန်ယက်ပေးစဉ်။

*စာမျက်နှာ ၁၀ မှ*

တောင်သူ ၇၄၇ ဦးအတွက် မျိုးစပါး တင်း ၂၅၀၀၊ ရသေ့တောင်မြို့နယ် ကျေးရွာအုပ်စု ၈၅ စုရှိ တောင်သူ ၆၃၆၃ ဦးအတွက် မျိုးစပါး ၅၄၀၁၃ တင်း၊ ပုဏ္ဏားကျွန်းမြို့နယ် ကျေးရွာအုပ်စု ၃၅ စုရှိ တောင်သူ ၁၆၄၀ အတွက် မျိုးစပါး ၈၇၄၂ တင်း၊ ပေါက်တောမြို့နယ် ကျေးရွာအုပ်စု ၂၀ ရှိ တောင်သူ ၆၀၇ ဦးအတွက် မျိုးစပါးတင်း ၄၅၀၀၊ မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးရွာအုပ်စု ၂၂ စုရှိ တောင်သူ ၃၃၃ ဦးအတွက် မျိုးစပါး ၂၄၀၂ တင်း၊ ကျောက်တော်မြို့နယ် ကျေးရွာအုပ်စုငါးခုရှိ တောင်သူ ၉၃ ဦးအတွက် မျိုးစပါးတင်း ၄၀၀၊ မောင်တောခရိုင် မောင်တောမြို့နယ် ကျေးရွာအုပ်စုငါးခုရှိ တောင်သူ ၇၃ ဦးအတွက် မျိုးစပါးတင်း ၂၄၀၊ ဘူးသီးတောင်မြို့နယ် ကျေးရွာအုပ်စု ၁၁ ခုရှိ တောင်သူ ၂၄၉ ဦး အတွက် မျိုးစပါးတင်း ၆၀၀၊ စုစုပေါင်း ခရိုင် သုံးခု မြို့နယ် ရှစ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၉၅ စုရှိ တောင်သူ ၁၀၁၀၅ ဦး အတွက် မျိုးစပါး ၇၃၃၉၇ တင်း လိုအပ်ကြောင်း သိရသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်းဒေသထွက် ပေါ်ဆန်းရင် မျိုးစပါး ၃၇၀၆၇ တင်း၊ ဖျာပုံဒေသထွက် ကျားပျံမျိုးစပါး တင်း ၄၀၀၀၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးဒေသထွက် ပေါ်ဆန်းရင် တင်း ၃၀၀၀၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်ဒေသထွက် နံ့ကောက်မျိုးစပါးတင်း ၃၉၃၀၊ နေပြည်တော်မှ ဂရိတ်ဝေါ GW-11 မျိုးစပါး တင်း ၂၀၀၀၀ စုစုပေါင်း ၆၇၉၉၇ တင်းကို ဝယ်ယူထောက်ပံ့ပေးမည်ဖြစ်ပြီး ဂရိတ်ဝေါမှ GW-11 မျိုးစပါး တင်း ၅၀၀၀၊ ရေတာရှည်ယွန်းလျှံလယ်ယာအထောက်အကူပြု စခန်းမှ ဦးအောင်မျိုးဦးက နံ့ကောက်မျိုးစပါး တင်း ၄၀၀ စုစုပေါင်း တင်း ၅၄၀၀ လှူဒါန်းကြသည်။

**ခိုင်းကျွဲ၊ ခိုင်းနွားများ လိုအပ်ချက်ပေါ်ပေါက်လာ**

မိုခါမုန်တိုင်းမဝင်ရောက်မီ လွန်ခဲ့သည့်သုံးလခန့်က ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ငတောက်တဲ့ကျေးရွာ၊ ကျောက်တန်းကြီးကျေးရွာ၊ ပျားလည်ချောင်းကျေးရွာများသို့ ကျွန်တော်ရောက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဆိုပါကျေးရွာ သုံးရွာအပါအဝင် ကျေးရွာငါးရွာ၌ နွားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် လွတ်ကျောင်းစနစ်၊ လှန်ကျောင်းစနစ်မပြုလုပ်ဘဲ ခြံလှောင်စနစ်ဖြင့်မွေးမြူ၍ ထွက်ရှိလာသော စွန့်ပစ်နွားချေးများကို သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးချရန်၊ နွားစာအတွက် အဲဗားဂရင်းမြက် စိုက်ပျိုးရေးလိုအပ်သည်များ စီစဉ်ဆောင်ရွက်ရန် ညွှန်ကြားမှာကြားဆောင်ရွက်ခဲ့သည်။ မုန်တိုင်းဖြစ်ပေါ်သည့် မေ ၁၄ ရက်က သမဝါယမအသင်းအဖွဲ့ပိုင် အဆိုပါနွားမွေးမြူရေးခြံအချို့ပျက်စီးခြင်း၊ နွားများ သေဆုံး၊ ပျောက်ဆုံးခြင်းအချို့ရှိခဲ့သည်။ ညွှန်ကြားရေးမှူး ဦးဉာဏ်ဝင်းမောင်ဦးစီးအဖွဲ့အား ယင်းကျေးရွာများသို့သွားရောက်စေပြီး မြေပြင်ကွင်းဆင်းစစ်ဆေးကြည့်ရှုကာ လိုအပ်သည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းသင့်ဒေသများ၌ ကျွဲနွားနှင့် အခြားတိရစ္ဆာန် သေဆုံး၊ ပျောက်ဆုံးခြင်းများဖြစ်ပေါ်ခဲ့သည်။ သည့်အတွက် လယ်ယာမြေများ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရန် လယ်ထွန်စက်များပေးပို့ခြင်းအပြင် ခိုင်းကျွဲ၊ ခိုင်းနွားများ လိုအပ်ချက်ကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ မြို့နယ်အလိုက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ချိတ်ဆက်ကောက်ယူမှု ပဏာမစာရင်းအရ ခိုင်းကျွဲ ၈၆၃ ကောင်၊ ခိုင်းနွား ၁၉၈၇ ကောင် စုစုပေါင်း အကောင် ၂၈၅၀ လိုအပ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအစီအစဉ်ဖြင့် ကျွဲနွားတိရစ္ဆာန်များ ကူးစက်ရောဂါကာကွယ်ဆေးထိုး အစီအစဉ်ကို ဆောင်ရွက်ပေးခဲ့ရာ မြို့နယ် ၁၀ မြို့နယ်အတွင်းရှိ ကျွဲနွား ၄၈၂၈ ကောင်၊ ဝက် ၁၁၇ ကောင်၊ ကြက်အကောင် ၁၂၀၀ တို့ကို ထိုးနှံပေးခဲ့သည်။ မကျန်းမာသော ကျွဲနွား ၄၃၃ ကောင်၊ ဆိတ် ၂၉ ကောင်၊ ဝက်အကောင် ၁၃၀ ကို ကုသမှုများပြုလုပ်ပေးခဲ့သည်။

**ရေငန်တားတာ၊ လယ်သမားတာနှင့်**
**ဆားငန်ခံမျိုးစပါး**

ကျွန်တော် ဧရာဝတီတိုင်းဒေသကြီး ဇာတိဖွား၊ လယ်ယာကိုင်းကျွန်းလုပ်ငန်းများနှင့် သိပ်မစိမ်းလှပါ။ သို့သော် အထက်ပါဝေါဟာရ သုံးမျိုးကိုတော့ဖြင့် မရင်းနှီးခဲ့တာအမှန်ပင်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးထားသော ရေငန်တားတာ၊ လယ်သမားများကိုယ်တိုင် စိုက်ခင်းများသို့ ရေငန်မဝင်ရောက်ရေး ဆောင်ရွက်ထားသော လယ်သမားတာ၊ ပင်လယ်ရေငန်ဒဏ်ကို ခံနိုင်ရည်ရှိသော ဆားငန်ခံမျိုးစပါးဆိုသည့် အမည်များဖြစ်သည်။ ယခု ရခိုင်ခရီးစဉ်မှာ အများဆုံးကြားဖူးနားဝဖြစ်လာခဲ့သည်။ ရခိုင်ဒေသမှာ လာရောက်တာဝန်ထမ်းဆောင်စဉ် အထက်ဌာနခွင့်ပြုချက်ဖြင့် ပြီးခဲ့သည့် ဇွန် ၁၆ ရက်တွင် တပ်မတော်လေယာဉ်စီး၍ နေပြည်တော်သို့ပြန်၊ ဇွန် ၁၇ ရက်တွင် သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ကိုတက်၊ ဇွန် ၁၈ ရက် ရန်ကုန်ဆင်း၊ ဇွန် ၁၉ ရက်မြန်မာ့လေကြောင်းဖြင့် ရန်ကုန်မှစစ်တွေသို့ ပြန်လည် ထွက်ခွာခဲ့သည်။ ပျံသန်းချိန် ၁ နာရီ ၁၀ မိနစ်။ ကျွန်တော့်စိတ်အထင် မိနစ် ၅၀ အကြာမှာ မြစ်ဝကျွန်းပေါ်ဒေသနှင့် အနောက်ရိုးမကို ဖြတ်ကျော်ပြီး ရခိုင်ကမ်းရိုးတန်းဒေသကို စတင်ထိတွေ့သည်။ ပင်လယ်နှင့် ကုန်းမြေအစပ်များ၊ ကျွန်းစုများကို မြင်နေရသည်။ ရှည်လျားသော တာရိုး၊ တာပေါင်သဏ္ဌာန်လေးများကို လှမ်းမြင်ရသောအခါ ဤသည်တို့ကား ရေငန်တားတာများဖြစ်နေမလား၊ လယ်သမားတာလေးများပေလား အတွေးပွားမိသည်။

မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားရှိသော ရေငန်တားတာ ၃၂ ခုအနက် မောင်တောမြို့နယ်အတွင်းမှ ခြံပြင်တာသည် ပေ ၁၀၀၀၀ ခန့်၊ မြောက်ဦးမြို့နယ်အတွင်းမှ ကုလားပုန်းကျွန်းပတ်တာသည် ပေ ၆၀၀၀ ခန့်၊ မြေပုံမြို့နယ်အတွင်းမှ ငမန်းရဲကျွန်းတာ အပိုင်း (၁) သည် ပေ ၁၆၅၀၀ ခန့်နှင့် အပိုင်း (၂) သည် ပေ ၆၀၀၀ ခန့် ကျိုးပေါက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်၍ ယင်းတာလေးခုကို စိုက်ပျိုးချိန်မီ ပြန်လည်ပြုပြင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနက မြေတူးစက် Back Hoe ၁၇ စီးဖြင့် မေ ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဇွန် ၂ ရက်တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ပြီဖြစ်သည်။ ယင်းသို့ဆောင်ရွက်ပေးမှုကြောင့် အဆိုပါတာများ၏ ရေဘေးကာကွယ်ဧရိယာ ၁၇၇၀၆ ဧကအတွင်း စိုက်ပျိုးရန်လျာထားသည့် မိုးစပါးနှင့်အခြားသီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ထို့ပြင် ရသေ့တောင်မြို့နယ်အတွင်းမှ ကျီကျွန်းတာ ၄၉၉၅ ပေ၊ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှ မက္ကလာကျတာ ပေ ၄၃၅၀၊ တန်ခိုးတာ ၆၁၆ ပေ၊ စစ်တွေမြို့နယ်အတွင်းမှ ဝါဘိုလယ်သမားတာ ပေ ၁၀၅၀ တို့ကိုလည်း ပြုပြင်ပေးခဲ့သည်။

ဆားငန်ခံစပါးမျိုးနှင့် ပတ်သက်၍လည်း ဖိလစ်ပိုင်မှာ ပိုကာလီစပါးမျိုးရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဒေသမျိုးရင်းများဖြစ်သည့် လက်ရုံးကြီး၊ စာပစိတို့ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနခြံများက စမ်းသပ်ထုတ်လုပ်ထားသော ဧရာမောင်၊ ရွှေပြည်မင်း၊ ရွှေပြည်ဝင်း၊ ပြည်မြန်မာစိန်၊ ရွှေအာဆီယံ၊ YSTR-12၊ ဆားငန်ခံ-၅၊ ဆားငန်ခံ-၆နှင့် ဆားငန်ခံဆင်းသွယ်လတ်မျိုးများကို ယခုရခိုင်ဒေသ၌ စိုက်ပျိုးရန်လျာထားကြောင်း ဒုတိယဝန်ကြီး ဦးတင်ထွန်းထံမှ သိရသည်။

**သာလီစွပါ ရခိုင်သွေးချင်းတို့ရေ**

မုန်တိုင်းလွန်ကာလတွင် ပြန်လည်ထူထောင်ရေး၊ ကူညီထောက်ပံ့ရေးကိစ္စအဝဝကို ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင်ဦးစီးကွပ်ကဲကြပ်မတ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးနေပါသည်။ နေရေးထိုင်ရေး၊ စားရေးကိစ္စများ တဖြည်းဖြည်းအဆင်ပြေချောမွေ့လာသည်နှင့်အမျှ အခြားလုပ်ငန်းများနည်းတူ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ကြရပေမည်။ ရခိုင်ပြည်နယ်အတွင်း၌ အထွက်တိုးစပါးမျိုးများ စိုက်ပျိုးကြရပါမည်။ ဥစားကြက်၊ အသားစားကြက်၊ အသားတိုးဝက်နှင့် ပုစွန်မွေးမြူခြင်း အပါအဝင် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရပါဦးမည်။

- **ကြိုးစားမှုတိုင်း အောင်မြင်ကြပါစေ**
- **မျှော်လင့်ခြင်းများဖြင့်**
  **ရှင်သန်နိုင်ကြပါစေ**
- **ပျော်ရွှင်ခြင်းများကိုလည်း**
  **ပိုင်ဆိုင်ခွင့်ရကြပါစေ**
- **သာလီစွပါ ရခိုင်သွေးချင်းတို့ရေ ...။** ။



ရေချမ်းပြင်ကူးတို့ဆိပ်၌ လယ်ထွန်စက်ကြီးများအား ကမ်းထိုးရေယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။



ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများကို တပ်မတော်မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရန် ဆောင်ရွက်စဉ်။

**"မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားရှိသော ရေငန်တားတာ ၃၂ ခုအနက် မောင်တောမြို့နယ်အတွင်းမှ ခြံပြင်တာသည် ပေ ၁၀၀၀၀ ခန့်၊ မြောက်ဦးမြို့နယ်အတွင်းမှ ကုလားပုန်းကျွန်းပတ်တာသည် ပေ ၆၀၀၀ ခန့်၊ မြေပုံမြို့နယ်အတွင်းမှ ငမန်းရဲကျွန်းတာ အပိုင်း(၁)သည် ပေ ၁၆၅၀၀ ခန့်နှင့် အပိုင်း(၂)သည် ပေ ၆၀၀၀ ခန့် ကျိုးပေါက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့။ သို့ဖြစ်၍ ယင်းတာလေးခုကို စိုက်ပျိုးချိန်မီ ပြန်လည်ပြုပြင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနက မြေတူးစက် Back Hoe ၁၇ စီးဖြင့် မေ ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဇွန် ၂ ရက်တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ပြီ"**

အောင်ဘာလေ အွန်လိုင်း သိန်းဆု ထီစနစ်

# Aung Bar Lay Application လမ်းညွှန်


## (အောင်ဘာလေအွန်လိုင်းထီ Application ကို အသုံးပြုပုံအဆင့်ဆင့်)

အောင်ဘာလေ အွန်လိုင်း သိန်းဆု ထီစနစ်

### Application Download ပြုလုပ်ခြင်း

●●●

- အဆင့် ၁: အောင်ဘာလေ အွန်လိုင်းထီ Website ကို သွားပါ။
  aungbarlay.ird.gov.mm
  အောင်ဘာလေအွန်လိုင်းထီ Application ကို Download ပြုလုပ်ရန် QR ကို ဖတ်ပါ။
- အဆင့် ၂: Install ပြုလုပ်ရန် Device ရွေးချယ်ပါ။
  Android/iOS
- အဆင့် ၃ : Application ကို Install ပြုလုပ်ပါ။




(1)

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း

●●●

- အဆင့် ၁: Link ကိုနှိပ်၍ Application ကို Install ပြုလုပ်ပါ။
  https://aungbarlay.ird.gov.mm/assets/ABL_release_b51.apk




(2)

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း

●●●

- အဆင့် ၂: Install ကို နှိပ်ပါ။
  Install ပြုလုပ်ပြီးစီးသည်အထိ စောင့်ပါ။




(3)

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း

●●●

- အဆင့် ၃: Install ပြုလုပ်ပြီးပါက Open ကို နှိပ်ပါ။




(4)

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း

●●●

- သင်၏ ဖုန်းထဲသို့ Aung Bar Lay Application အား အောင်မြင်စွာ ထည့်သွင်းလို့ ပြီးပါပြီ။



(5)

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

●●●

- အဆင့် ၁: Link ကိုနှိပ်၍ Application ကို Install ပြုလုပ်ပါ။
  https://install.appcenter.ms/users/beemedia88/apps/aung-bar-lay/distribution_groups/aung%20bar%20lay




(6)

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

●●●

- အဆင့် ၂: iPhone setting မှ General setting သို့ သွားပါ။
  General ထဲရှိ VPN & Device Management ထဲသို့ ဝင်ရောက်ပါ။




(7)

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

●●●

- အဆင့် ၃: VPN & Device Management ထဲရှိ Enterprise app ကိုနှိပ်ပါ။



(8)

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

●●●

- အဆင့် ၄: Trust စာသား အပြာကိုနှိပ်ပါ။
  Trust ကို နှိပ်ပါ။



(9)

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

●●●

- ယခုပုံအတိုင်းဖြစ်ပါက Application ကို စတင်အသုံးပြုလို့ရပါပြီ။




(10)

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

●●●

- သင်၏ ဖုန်းထဲသို့ Aung Bar Lay Application အား အောင်မြင်စွာ ထည့်သွင်းလို့ ပြီးပါပြီ။




(11)

### Account အသစ်ဖွင့်၍ ဝင်ရောက်ခြင်း

●●●

- **အဆင့် ၁: စာရင်းသွင်းခြင်းလုပ်ငန်းစဉ်ကို စတင်ပါ။**
  အသုံးပြုသူအသစ် (New User)ဖြစ်ပါက အကောင့်စာရင်းပေးခြင်း (Sign Up)ကို ရွေးချယ်ပါ။
- **အဆင့် ၂: သင့်ဖုန်းနံပါတ်ဖြင့် အကောင့်ဖွင့်ပါ။**
  သင်၏ ဖုန်းနံပါတ်အား ဖြည့်သွင်းပါ။
  SMS မှပေးပို့လာသော တစ်ခါသုံးလျှို့ဝှက်နံပါတ် (One Time Password – OTP) အား ဖြည့်သွင်းပါ။
  လျှို့ဝှက်နံပါတ် (Password) ဖန်တီးပါ။
- **အဆင့် ၃: အကောင့်ဝင်ပါ။**
  ဖုန်းနံပါတ်နှင့် လျှို့ဝှက်နံပါတ် (Password) ဖြည့်သွင်း၍ Application သို့ ဝင်ရောက်ပါ။
  Biometrics အသုံးပြု၍လည်း Log In ဝင်ရောက်နိုင်ပါသည်။




(12)

### ထီလက်မှတ် ဝယ်ယူခြင်း

●●●

- **အဆင့် ၁: လက်မှတ်ဝယ်ယူခြင်း**
  - လမကုန်မီ (၂)ရက်အလိုထိ ထီလက်မှတ်များကို အွန်လိုင်းမှ ဝယ်ယူနိုင်ပါသည်။
  - လက်မှတ်ဝယ်ရန်/ BUY TICKET ကို နှိပ်ပါ။




(13)

### ထီလက်မှတ် ဝယ်ယူခြင်း

●●●

- **အဆင့် ၂: ထီလက်မှတ်များ ရွေးချယ်ခြင်း**
  - ကြိုက်နှစ်သက်ရာ ရှေ့အက္ခရာနှင့် နံပါတ်အား ရှာဖွေရွေးချယ်ခြင်း
  - ကြိုက်နှစ်သက်ရာ နံပါတ်အား Search Box မှ ရွေးချယ်ခြင်း
  - System မှ အလိုအလျောက်ထုတ်ပေးသော နံပါတ်အား Random ရွေးချယ်ခြင်း
  - System မှ အလိုအလျောက်ထုတ်ပေးသော ၃စောင်တွဲ / ၅ စောင်တွဲ / ၁၀ စောင်တွဲအား Random ရွေးချယ်ခြင်း တို့ဖြစ်ပါသည်။




(14)

### ထီလက်မှတ် ဝယ်ယူခြင်း

●●●

- **အဆင့် ၃: အတည်ပြုပြီး ငွေပေးချေခြင်း**
  ငွေပေးချေရန် မိမိနှစ်သက်ရာ ဝန်ဆောင်မှု တစ်ခုခုကို ရွေးချယ်ပါ။

မကြာမီ ငွေပေးချေမှု နည်းလမ်း မြောက်မြားစွာ ရှိလာဦးမည်။





(15)

### ထီလက်မှတ် ဝယ်ယူခြင်း

●●●

- **အဆင့် ၄: ထီလက်မှတ်ဝယ်ယူမှု ပြီးမြောက်ခြင်း**
  ငွေပေးချေပြီးပါက ဝယ်ယူမှုအောင်မြင်ကြောင်း SMS ရရှိမည် ဖြစ်ပါသည်။






(16)

### လက်မှတ်ကို စစ်ဆေးခြင်း

●●●

- **ဝယ်ယူထားသော လက်မှတ်ကို စစ်ဆေးခြင်း**
  ကျွန်ုပ်၏ ထီလက်မှတ်သို့သွား၍ ယခုလ ထိုးထားသော လက်မှတ်များ၊ ဆုရထီလက်မှတ်များနှင့် ထိုးပြီး ထီလက်မှတ်များကို ပြန်လည်ကြည့်ရှုနိုင်ပါသည်။




(17)

### ထီပေါက်စဉ်များကို ကြည့်ရှုခြင်း

●●●

- **ပြီးခဲ့သည့်လ၏ ထီပေါက်စဉ်များကို ကြည့်ရှုခြင်း**
  နောက်ဆုံးထွက်ရှိထားသော ထီပေါက်စဉ်အား ပင်မစာမျက်နှာတွင် ကြည့်ရှုနိုင်သလို ယခင်လများ၏ ထီပေါက်စဉ်များကိုလည်း ထီပေါက်စဉ် စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။



(18)

### ထီဆုကံထူးခြင်းနှင့် ဆုငွေထုတ်ယူခြင်း

●●●

- **ထီပေါက်ကြောင်း အကြောင်းကြားသည့် SMS**
  ထီထိုးထားသူ၏ လက်မှတ်သည် ထီပေါက်ပါက Aungbarlay SMS မှ တစ်ဆင့် အကြောင်းကြားစာ ရရှိမည်ဖြစ်ပါသည်။
- **ထီဆုငွေ ထုတ်ယူခြင်း**
  ကျပ်(၁၀)သိန်းနှင့် (၁၀)သိန်းအောက် ထီပေါက်ခဲ့ပါက ထီပေါက်သူ၏ အကောင့်ထဲသို့ ထီဆုငွေကို တိုက်ရိုက်လွှဲပေးမည်ဖြစ်ပြီး ကျပ် ၁၀ သိန်းအထက် ထီပေါက်ခဲ့ပါက ရန်ကုန်၊ မန္တလေးရှိ အောင်ဘာလေ (ရုံးချုပ်)များသို့ သွားရောက်ထုတ်ယူရမည် ဖြစ်ပါသည်။



(19)

### အသုံးပြုသူအား ဝန်ဆောင်မှုပေးခြင်း

●●●

**VIBER & TELEGRAM (ဆိုရှယ်မီဒီယာ)**

- တရားဝင် အွန်လိုင်းချန်နယ်များ၊ ဆိုရှယ်မီဒီယာများမှ တစ်ဆင့် သိရှိလိုသည်များ၊ အခက်အခဲများကို ၂၄ နာရီ ဖြေဆိုကူညီ ဆောင်ရွက်ပေးပါမည်။

**HOTLINE SERVICE**

- Mytel Hotline No. 777
- အခြား Operator Hotline No. 09677000777

**Email**

- abl@support.com.mm




(20)

အောင်ဘာလေ အွန်လိုင်း သိန်းဆု ထီစနစ်

aungbarlay.ird.gov.mm အောင်ဘာလေ အွန်လိုင်းထီ Application ကို Download ပြုလုပ်ရန် QR ကို ဖတ်ပါ။

# တောင်အမေရိက၌ မိုးအနည်းငယ်သာရွာသွန်းသည့်အတွက် မိုးခေါင်မှုစံချိန်တင်ဖြစ်ပွား



**မွန်တီဗီဒီယို ဇွန် ၂၅**

တောင်အမေရိက တောင်ပိုင်းရှိ နေရာများ၌ ပြီးခဲ့သည့်လများအတွင်း မိုးအနည်းငယ်သာ ရွာသွန်းပြီး အပူချိန်မြင့်မားနေသည့်အတွက် ပြင်းထန်သည့် မိုးခေါင်မှုတစ်ခုနှင့် ကြုံတွေ့နေရသည်။ ဥရုဂွေးနိုင်ငံသည် နှစ်ပေါင်း ၇၄ နှစ်အတွင်း အဆိုးရွားဆုံး မိုးခေါင်မှုနှင့် ကြုံတွေ့နေရသည်။ ယခုအပတ်အစောပိုင်းတွင် ရေပြတ်တောက်မှုကြောင့် မြို့တော် မွန်တီဗီဒီယိုနှင့် အနီးတစ်ဝိုက်တွင် အရေးပေါ်အခြေအနေအဖြစ် ကြေညာထားရသည်။

အဆိုပါဒေသများကို ရေထောက်ပံ့ပေးနေသည့် ဆည်နှစ်ခုမှာလည်း ရေခန်းခြောက်နေသည်။ ထို့ကြောင့် အချို့သော ရေပေးဝေရေးသမားများသည် မြစ်ရေကိုပါ ရောနှောအသုံးပြုနေရသည်။ သောက်သုံးရေအတွက် ဆိုဒီယမ်နှင့် ကလိုရိုက်တို့ကို ဖယ်ရှားထားပြီးဖြစ်သည့်အတွက် ရောနှောထားသည့်ရေမှာ ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာ မရှိဟု အစိုးရကပြောသည်။

သို့သော်လည်း ဒေသခံအများစုသည် ရေသန့်ဝယ်ယူရန် အပြေးအလွှား ကြိုးပမ်းနေကြသည်။ နောက်ထပ် ဆည်အသစ် တည်ဆောက်ရန်နှင့် သောက်သုံးရေ လုံခြုံစိတ်ချရစေရေးအတွက် အစိုးရက အစွမ်းကုန်ကြိုးပမ်းသွားမည်ဟု ဥရုဂွေးသမ္မတ လူဝီလာကော်ပူးက အလေးနက်ထားပြောကြားခဲ့သည်။ အိမ်နီးချင်း အာဂျင်တီးနား၌လည်း မိုးခေါင်မှု ဆိုးရွားလျက်ရှိသည်။ နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုသည့် ဂျုံနှင့် ပဲပိစပ်အထွက်နှုန်းမှာလည်း ကျဆင်းလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**



ဒဏ်ရာရရှိသူတစ်ဦးကို ဆေးရုံသို့ ပြောင်းရွှေ့နေမှုကို တွေ့ရစဉ်။

## တိုကျိုမြို့ ရထားတစ်စင်းပေါ်၌ အမျိုးသားတစ်ဦး ဓားကိုင်ဆောင်မှုကြောင့် ခရီးသည်များ ကြောက်လန့်ထွက်ပြေးရာမှ သုံးဦးဒဏ်ရာရရှိ

**တိုကျို ဇွန် ၂၅**

ဂျပန်နိုင်ငံ တိုကျိုမြို့လယ်၌ ဇွန် ၂၅ ရက်တွင် အမျိုးသားတစ်ဦး ဓားတစ်ချောင်း ကိုင်ဆောင်သည်ကို တွေ့ရှိပြီးနောက် ခရီးသည်များ ဆေးရုံသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။ ရထားပေါ်မှ အပြေးအလွှား ထွက်ပြေးခြင်းကြောင့် လူသုံးဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ရှင်းဂျူကုဘူတာရှိ ရထားတစ်စင်းပေါ်၌ အမျိုးသား တစ်ဦး ဓားတစ်ချောင်း ကိုင်ဆောင်ထားကြောင်း အရေးပေါ်ခေါ်ဆိုမှုကို ရဲတပ်ဖွဲ့က လက်ခံရရှိသည်။ နိုင်ငံခြားသားတစ်ဦးဟု ယူဆရသည့် အဆိုပါ အမျိုးသားအား ရဲစခန်းသို့ ခေါ်ဆောင်သွားရာ ၎င်းမှာ ချက်ပြုတ်သူတစ်ဦးဖြစ်ပြီး အလုပ်မှ အိမ်သို့ပြန်ခြင်းဖြစ်ကြောင်း၊ ဓားကိုဖုံးအုပ်ရန် တဘက်တစ်ခုကို အသုံးပြုခဲ့သဖြင့် ၎င်းအိပ်ပျော်သွားသည့်အချိန်တွင် ဓားလွတ်ကျခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရဲတပ်ဖွဲ့အား ပြောကြားသည်။

အခင်း ဖြစ်ပွားခြင်းကြောင့် ညနေ ၄ နာရီဝန်းကျင်က ရာမာ တိုတဲရထားလမ်းကြောင်းများကို မိနစ် ၂၀ ခန့် ဆိုင်းငံ့ထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## အီရတ်နိုင်ငံမြောက်ပိုင်း အိုင်အက်စ်တို့ ပုန်းအောင်းရာနေရာကို အီရတ်တပ်ဖွဲ့က ဗုံးကြဲတိုက်ခိုက်

**ဘဂ္ဂဒက် ဇွန် ၂၅**

အီရတ်နိုင်ငံမြောက်ပိုင်း ကီရာကွတ်ပြည်နယ်ရှိ အိုင်အက်စ် စစ်သွေးကြွများ ပုန်းအောင်းရာနေရာကို အီရတ်တပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်ဟု ဇွန် ၂၄ ရက်တွင် ပြောသည်။ လာရာစ်ဟတ်မြို့အနီးရှိ ကျေးရွာတစ်ရွာ၌ အိုင်အက်စ် စစ်သွေးကြွများ ပုန်းအောင်းနေသည်ဟူသော သတင်းအရ အီရတ်စစ်လေယာဉ်များက လေကြောင်းမှ တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။

ယင်းသို့တိုက်ခိုက်မှုအပြီး အိုင်အက်စ်စစ်သွေးကြွများဘက်မှ လေးဦး သေဆုံးခဲ့သည်။ သေဆုံးသူ လေးဦးအနက်မှ တစ်ဦးမှာ အသေခံဗုံးခွဲသည့် ခါးပတ်ဝတ်ဆင်ထားသည်ကို တွေ့ရသည်။

၂၀၁၇ ခုနှစ် အိုင်အက်စ်တို့ကို တိုက်ထုတ်သည့် အချိန်မှစတင်ကာ အီရတ်နိုင်ငံ၏ လုံခြုံရေးအဆင့်အတန်းမှာ တိုးတက်ကောင်းမွန်လာလျက်ရှိသည်။ သို့သော်လည်း အိုင်အက်စ်အကြွင်းအကျန်များမှာ ကန္တာရများနှင့် မြို့ပြများတွင် ပုန်းခိုနေပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အရပ်သားများကို မကြာခဏ ပြောက်ကျားတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ **ဆင်ဟွာ**



## အိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ ကုန်တင်ရထားနှစ်စင်းတိုက်မိရာ တစ်ဦးဒဏ်ရာရ

**နယူးဒေလီ ဇွန် ၂၅**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပြည်နယ်ဖြစ်သည့် အနောက်ဘင်္ဂေါပြည်နယ်၌ ဇွန် ၂၅ ရက်က ကုန်တင်ရထားနှစ်စင်း တိုက်မိမှုဖြစ်ပွားရာ တစ်ဦးဒဏ်ရာရပြီး ရထားတွဲ ၁၂ တွဲ တွဲချော်မှုဖြစ်ပွားခဲ့သည်ဟု အဆင့်မြင့် အရာရှိတစ်ဦးကပြောသည်။ ဖြစ်စဉ်တွင် လူသေဆုံးခြင်း မရှိကြောင်း ၎င်းက ဆက်ပြောသည်။



ရထားနှစ်စင်းတိုက်မိပြီးနောက် အခင်းဖြစ်ပွားရာနေရာကို တွေ့ရစဉ်။

ရထားတိုက်မှုမှာ အနောက်ဘင်္ဂေါပြည်နယ် ဘန်ကူရာခရိုင် အွန်ဒါဘူတာရုံတွင် ရထားနှစ်စင်းတိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကုန်တင်ရထားတစ်စင်းမှာ ပင်မလိုင်းအစား အခြားသော လိုင်းအတွင်း ဝင်သွားမိသည့်အတွက် အခြား ကုန်တင်ရထားနှင့် တိုက်မိခြင်းဖြစ်သည်ဟု ဒေသတွင်း မီဒီယာများတွင် ဖော်ပြသည်။

ယင်းဖြစ်ရပ်ကြောင့် တွဲပေါင်း ၁၂ တွဲ တွဲချော်မှု ဖြစ်ပွားခဲ့ပြီး ရထားမောင်းသူမှာ ဒဏ်ရာ အနည်းငယ်ရရှိခဲ့သည်ဟု အိန္ဒိယ ရထားလုပ်ငန်းအရာရှိက ပြောသည်။ ပြီးခဲ့သည့်သုံးပတ်ကျော်ခန့်ကလည်း ခရီးသည်တင်ရထားနှစ်စင်းနှင့် ကုန်တင်ရထားသုံးစင်းတို့တိုက်မိပြီး လူပေါင်း ၃၀၀ သေဆုံးမှုဖြစ်ပေါ်ခဲ့သည်။ **ဆင်ဟွာ**


## အာဖဂန်နစ္စတန်နိုင်ငံ၌ ရာဇဝတ်မှုအတွင်း ပါဝင်ပတ်သက်သူ ၂၁ ဦးကို ဖမ်းဆီးထား

**ကဘူးလ် ဇွန် ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ် ၃၄ ခုရှိသည့်အနက် ပြည်နယ်ခြောက်ခုမှ ရာဇဝတ်မှုအတွင်း ပါဝင်ပတ်သက်သူ ၂၁ ဦးကို ဇွန် ၂၄ ရက်က အာဖဂန်ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ကြောင်း နိုင်ငံ၏ ပြည်ထဲရေးရာဝန်ကြီးဌာနက ဇွန် ၂၅ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖမ်းဆီးခံရသူများထဲတွင် နိုင်ငံအတွင်း လူသတ်မှု၊ လုယက်မှု၊ ဖုန်းခိုးယူမှု၊ လိမ်လည်အတုလုပ်မှု၊ ခိုးမှုနှင့် မူးယစ်ဆေးဝါး မှောင်ခိုလုပ်ကိုင်မှု စသည့်တရားမဝင်လုပ်ကိုင်မှုများ ပါဝင်ကြောင်း ဆက်လက်၍ နောက်ထပ်စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အလားတူ ပြီးခဲ့သည့်အပတ်ကလည်း ကွန်ဒက်၊ ဘာကာ၊ တက်ခ်ဟာ၊ ဟာရတ်၊ ဆာမန်ဂန်၊ ကဘူးလ်နှင့် ကန်ဒါဟာပြည်နယ်များမှ ရာဇဝတ်မှုကျူးလွန်သူ ၈၀ ကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ Participle (ကြိယာနှင့်နာမဝိသေသနသဘောနှစ်မျိုးဆောင်ခြင်း) အကြောင်းကို ဆက်လက်ဖော်ပြလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Present Participle အကြောင်း ပြည့်ပြည့်စုံစုံလေးရှင်းပြထားပြီး လေ့ကျင့်ခန်းလေးတစ်ခုနဲ့လည်း အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about "Exchanging money" ငွေလဲတဲ့အကြောင်း ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်မတူ ဆန့်ကျင်ဘက် စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ **Present Participle** အကြောင်း နမူနာဝါကျများနဲ့ ဆက်လက်ဖော်ပြလိုက်ပါတယ်။ နားလည်မည်ဟု ယုံကြည်ရင်း လေ့ကျင့်ခန်းလေးကိုလည်း ဖြေကြည့်ပေးပါဦး။

**Use of Present Participle (Present Participle အသုံးပြုပုံ)**

- The present participle is used in the formation of continuous tenses.
  (ဖြစ်ဆဲကာလများကို ရေးသားဖော်ပြရန် Present Participle (V–ing) ပုံစံသုံးသည်။
  - I'm **listening** to the radio.
  - He was **sitting** here a few minutes ago.
  - They boys have been **playing** here for an hour now.
- The present participle is used after verbs of sensation.
  (အာရုံခံစားခြင်းကို ဖော်ပြသည့် ကြိယာများနောက်တွင် Present Participle (V–ing) ပုံစံသုံးသည်။
  - I saw him **coming**.
  - She heard the child **crying**.
  - I saw Mg Mg **reading** a book.

**To remember (မှတ်ရန်)**

- အာရုံခံစားမှုဆိုင်ရာ ကြိယာများနောက်တွင် Bare Infinitive ဟုခေါ်သော V–0 ကိုလည်း ထည့်နိုင်သလို Present Participle ဟုခေါ်သော (V–ing) ကိုလည်း ထည့်နိုင်သည်။
  - I saw him **go** there.
  - I saw him **going** there.
  - I heard her **shut** the door.
  - I heard her **shutting** the door.

(ဒီအသုံးအနှုန်းနှစ်မျိုးသည် အဓိပ္ပာယ်နည်းနည်းကွဲသည်။ Bare Infinitive ကို ပြီးဆုံးသွားသည့် အပြုအမူအတွက်သာ သုံးနိုင်ပြီး Present Participle ကို ပြီးဆုံးသွားသည့် အပြုအမူအတွက်သာမက ပြုလုပ်ဆဲ အပြုအမူအတွက်ပါ အသုံးပြုနိုင်သည်။)

- Present participle is used as an adjective.
  (Present Participle ကို Adjective (နာမဝိသေသန) လိုသုံးနိုင်သည်။)
  - A **rolling** stone gathers no moss.
  - A **barking** dog does not bite.
  - We walk along a **winding** road.
  - She removes the **boiling** kettle from the fire.
- The present participle is used in adjective phrases. Note that a participle is a verb–adjective. Like a verb it may take an object and like an adjective it may qualify a noun.
  (V–ing ကို နာမဝိသေသနပုဒ်စုမှာသုံးသည်။ V–ing သည် Verb – Adjective ဖြစ်သည်။ ကြိယာလည်းဟုတ်၊ နာမဝိသေသနလည်း ဟုတ်သည်။ ကြိယာလိုဆိုလျှင် ကံအဖြစ်ယူဆနိုင်သည်။ နာမဝိသေသနဆိုလျှင် နာမ်ကို အထူးပြုနိုင်သည်။)

(Each of the following phrases qualifies a noun.)

အောက်ပါပုဒ်စုတစ်စုစီသည် နာမ်ကိုအထူးပြုသည်။

- ***Seeing*** a tiger, the dear ran away.
- ***Hearing*** the noise, the baby woke up.
- ***Having*** rested, we continued our journey.

**Exercise (1) Look at the following sentences and say Right or Wrong.**

1. Walking down the street, the clock struck six. (……………….)
   Walking down the street, I heard the clock strike six. (…………….)
2. Being very ill, the doctor ordered U Hla to bed. (………………..)
   Being very ill, U Hla was ordered to bed by the doctor. (……………….)
3. Opening the door, the night was very dark. (…………………..)
   Opening the door, he saw the night was very dark. (……………….)
4. Weather permitting, we shall have a picnic tomorrow. (………………..)
5. God willing, we shall succeed. (……………..)
6. The sun having set, the farmers return to the village. (………………..)
7. The cat being away, the mice will play. (……………….)
8. Seeing the tiger, the zebra ran away. (……………………)
9. Hearing a lot of noises, my mom woke up. (……………… )
10. Walking along the street, I saw Ma Ma. (………………….)

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှ အဖြေများ**

1. Walking 2. painting 3. dancing
4. Watching 5. gardening 6. boating
7. fishing 8. getting 9. Reading
10. cycling

**Exercise (2) မှ အဖြေများ**


1. riding 2. dining 3. frying
4. looking 5. driving 6. skating
7. hearing 8. cutting 9. making
10. fishing

## VOCABULARY (ANTONYMS)

1. **rise** (တိုးသည်။ တက်သည်။) ≠ **fall** (ကျသည်။ လဲပြိုသည်။)
2. **rough** (ကြမ်းတမ်းသော) ≠ **smooth** (ချောမွေ့သော)
3. **rural** (ကျေးလက်) ≠**urban** (မြို့ပြ)
4. **safe** (ဘေးကင်းလုံခြုံသော) ≠ **dangerous** (အန္တရာယ်ရှိသော)
5. **same** (တူညီသော) ≠ **different** (ကွဲပြားခြားနားသော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Exchanging money"

ဒီတစ်ပတ်မှာတော့ **"Exchanging money"** ငွေလဲတာနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလည်းဆိုတာတွေကို **"Shortest way to talk about "exchanging money"** ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**Conversation**

**Exchanging money**

**Customer**: Hi there, *I was wondering if you could help me.*

**Money changer**: Of course, what do you need?

**Customer**: *I'm travelling to Thailand next month* and I need to know the exchange rate and how much it will cost to buy some currency.

**Money changer**: Of course, let me take a look for you.

**Customer**: Thank you.

**Money changer**: Ok, so the currency of Thai–land is the Thai Baht, and at the moment, the exchange rate is 1 Thai Baht to 0.029 US dollars.

**Customer**: Ok, great, *and how much does it cost* for me to buy Thai Baht from here?

**Money changer**: We add a 1% fee to the overall amount you buy from us.

**Customer**: Ok, and *am I given the Thai Baht today, or do I have to come back to collect it?*

**Money changer**: It depends on how much you'd like to purchase and whether we have enough in stock. If we don't, you can either come back and collect it or request it is sent to you.

**Customer**: Ok, that's great. How will it take to arrive if I order today?

**Money changer**: It's not usually longer than a week.

**Customer**: Thank you so much for your help.

**Language Focus**

**I was wondering if you could help me.**

၁။ ကူညီနိုင်မလားဆိုပြီး Direct Address တိုက်ရိုက်မဖော်ပြဘဲ သွယ်ဝိုက်ပြီး ဖော်ပြတဲ့အခါ အခုလိုပုံစံမျိုးနဲ့ ပြောလေ့ရှိပါတယ်။ ဒါကလည်း နေ့စဉ်တွေ့နေရတဲ့ သွယ်ဝိုက်ပြီးပြောတဲ့ ပုံစံတစ်မျိုးပါပဲ။ အဓိပ္ပာယ်ကတော့ "ငါ့ကိုကူညီနိုင်မလား ဆိုတာ ငါသိချင်လိုက်တာ" တဲ့။ ကဲ၊ အဲဒီလိုလေးတွေ ပြောကြည့်ရအောင်နော်။ ဥပမာ –

- I was wondering where you had put my sunglasses.
- I was wondering if we should go and visit Paula this weekend.

**I'm travelling to Thailand next month**

၂။ အနာဂတ်မှာ လုပ်မယ်ဆိုပြီး စီစဉ်ထားရင် သို့မဟုတ် အစီအစဉ်ဆွဲထားရင် Present Con–tinuous (am/is/are + V–ing) ကို သုံးပါတယ်။ ဥပမာ –

- I am taking an exam next week.
- I am visiting my friend's house this evening.

**how much it will cost**

၃။ ကျွန်တော်တို့ ဈေးတွေဘာတွေ မေးတဲ့အခါ ဒါဘယ်လောက်လည်းဆိုပြီး မေးကြပါတယ်။ ဒါကို နေ့စဉ်သုံးစကားပြောမှာလည်း တော်တော်သုံးကြတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ ဒီလိုလေး မေးတတ်အောင် လုပ်ထားနော်။ ဥပမာ –

- How much are these shoes?
- How much does it cost?

**Ok, and am I given the Thai Baht today, or do I have to come back to collect it?**

၄။ တစ်ခုမဟုတ် တစ်ခုဆိုပြီး ရွေးချယ်တဲ့ပုံစံနဲ့ ပြောချင်ရင် Or နဲ့ သုံးလေ့ရှိပါတယ်။ ဒါလေးလည်း သုံးတတ်အောင် လေ့လာထားသင့်ပါတယ်။ ဥပမာ –

- Do you drink coffee or tea?
- Would you like to wear green t–shirt or white t–shirt?

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ) က မျိုးစေ့ထုတ်စပါးမျိုးကွဲလေးမျိုး ဧက ၁၂၀ စိုက်ပျိုးမည်

**ပွင့်ဖြူ ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ) က ယခု ၂၀၂၃ - ၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူများကို စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရန်အတွက် စပါးမျိုးကွဲလေးမျိုးဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရောမင်း၊ ရတနာတိုး စပါးမျိုးများကို မျိုးစေ့ထုတ်စိုက်ဧက ၁၂၀ အကောင်အထည်ဖော်စိုက်ပျိုးမည် ဖြစ်ကြောင်း ခြံတာဝန်ခံ ဦးအောင်ချစ်ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ) သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တောင်သူများအတွက် နှစ်စဉ်မျိုးကောင်းမျိုးသန့် စပါးနှင့် ကုလားပဲမျိုးသန့် မျိုးစေ့များကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကာ မျိုးသန့်ခြံဝင်းရှိ လယ်မြေဧက ၁၂၀ တွင် စနစ်တကျစိုက်ပျိုးပြီး ထွက်ရှိလာသော သီးနှံမျိုးစေ့များကို စနစ်တကျ



မျိုးသန့်မျိုးစေ့ထုတ်လုပ်၍ ဖြန့်ဖြူးပေးခြင်းဖြစ်သည်။

"ယခု ၂၀၂၃ - ၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မနောသုခ၊ ဆင်းသုခ၊ ရောမင်း၊ ရတနာတိုး စပါးမျိုးဧက ၁၂၀ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဆင့်ပွားစပါးမျိုးနဲ့ မျိုးသန့်မျိုးပွားစပါးမျိုး စိုက်ပျိုးနိုင်ရေး ပျိုးထောင်ခြင်းနဲ့ ပျိုးဗန်းများပြင်ဆင်ခြင်း၊ မြေဩဇာကျွေးခြင်း စတဲ့ ကြိုတင်ပြင်ဆင်ရတဲ့ လုပ်ငန်းတွေကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မျိုးစေ့ထုတ်စိုက်ပျိုးခြင်းကိုတော့ ဇူလိုင်လ ဒုတိယပတ်လောက်မှာ စတင်စိုက်ပျိုးမှာ ဖြစ်ပါတယ်" ဟု တာဝန်ခံက ပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ) အနေဖြင့် နှစ်စဉ်ဒေသတွင်းရှိ တောင်သူများကို စပါးနှင့် ကုလားပဲမျိုးကောင်းမျိုးသန့်မျိုးစေ့များ အဆင်ပြေစွာ စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိသဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့ကို အဆင်ပြေစွာ ဝယ်ယူစိုက်ပျိုးခွင့်ရရှိကြပြီး များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

---

## စီးပွားရေးသတင်းများ

# 2023 MIECF ဖိုရမ်သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန်ဖိတ်ကြား

**နေပြည်တော် ဇွန် ၂၅**

မကာအိုအထူးအုပ်ချုပ်ရေးဒေသရှိ Venetian ၌ 2023 Macao International Environmental Cooperation Forum and Exhibition (2023 MIECF) ကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁၇ ရက်မှ ၂၀ ရက်အထိ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန် ဖိတ်ကြားလာသည်။

အဆိုပါပြပွဲသို့ ပြသမည့် အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအတွက် ၁၈ စတုရန်းမီတာရှိ Special Booth (သို့မဟုတ်) Standard Booth တစ်ခုအတွက် ကျသင့်ငွေကင်းလွတ်ခွင့် စသည်တို့မှ အကျိုးခံစားခွင့်တစ်မျိုးကို ခံစားနိုင်မည်ဖြစ်သည်။ ပြခန်းပြသမည့် လုပ်ငန်းတစ်ခုအတွက် ၁၆-၈-၂၀၂၃ ရက်မှ ၂၀-၈-၂၀၂၃ ရက်အထိ သတ်မှတ်ထားသည့် ဟိုတယ်၌ လေးညတာ အခမဲ့ တည်းခိုနေထိုင်ခွင့်ကို လည်းကောင်း၊ ဖိုရမ်သို့ တက်ရောက်မည့် ကိုယ်စားလှယ်လေးဦးအတွက်လည်း ဟိုတယ်၌ လေးညတာ အခမဲ့တည်းခိုနေထိုင်ခွင့် စီစဉ်ပေးမည်ဖြစ်သည်။

ယခင်ကျင်းပပြုလုပ်ခဲ့သည့် 2022 MIECF တွင် နိုင်ငံတကာမှလုပ်ငန်းရှင်များ၊ စီးပွားရေးမိတ်ဖက်များ၊ ပညာရေးကဏ္ဍမှ ပတ်ဝန်းကျင်နှင့် ပတ်သက်သည့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကျွမ်းကျင်နည်းပညာရှင်များ တက်ရောက်ခဲ့သည်။

အဆိုပါပြပွဲနှင့် ဖိုရမ်သို့ ပါဝင်တက်ရောက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

---

# ကျောက်ဆည်ခရိုင်တွင် နှံနှမ်းများ ရိတ်သိမ်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် နှံနှမ်း စိုက်ဧက ၄၂၇၇၀ စိုက်ပျိုးခဲ့ကြောင်း၊ မိုခါမုန်တိုင်းဒဏ်ကြောင့် ခရိုင်အတွင်း နှံနှမ်း စိုက်ဧက အနည်းငယ်ပျက်စီးခဲ့ပြီး ကျန်စိုက်ဧကများမှာ အောင်မြင်စွာဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ ယခုအချိန်တွင်



နှံနှမ်းများ ရိတ်သိမ်းလျက်ရှိရာ နှံနှမ်း တစ်ဧက ကုန်ကျစရိတ်အနေဖြင့် သွင်းအားစု၊ လုပ်အားခအပါအဝင် စုစုပေါင်း ကျပ် ၂၆၀၀၀၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးသောမျိုးများမှာ နှမ်းဖြူ နှမ်းညိုနှင့် နှမ်းနက်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ နှမ်းဈေးနှုန်းများအနေဖြင့် ယခင်နှစ်တွင် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၅၉၀၀၀၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ကျပ် ၅၄၀၀၀၊ နှမ်းနက်(စမုံ) တစ်တင်းလျှင် ကျပ် ၅၂၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၅၄၀၀၀ ဈေးနှုန်းများရှိပြီး ယခုလက်ရှိတွင် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၂၃၀၀၀၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ကျပ် ၉၅၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၁၀၀၀၀၀၊ နှမ်းနက်(စမုံ) တစ်တင်းလျှင် ကျပ် ၉၇၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ နှမ်းဆီဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း နှမ်းဈေးနှုန်းနှင့် နှမ်းဆီဈေးနှုန်းများကောင်းမွန်သောကြောင့် နှမ်းစိုက်ပျိုးသောတောင်သူများ အကျိုးအမြတ်ပိုမိုရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**

---

# ကျောက်ဆည်ခရိုင်အတွင်း စီးပွားဖြစ်စိုက်ပျိုးလာသော ရုံးပတီသီး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးလက်နေတောင်သူများသည် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စသည့်သီးနှံများ စိုက်ပျိုးသည့်အပြင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပင်များကိုလည်း ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးကြရာ ရုံးပတီသီးသီးနှံများကို ယခင်က မိသားစုစားသုံးရန်နှင့် အပိုဝင်ငွေရရှိရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာမှ ယခုအခါ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ ရုံးပတီပင်သည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဝင်ငွေရလွယ်သော သီးနှံတစ်မျိုးဖြစ်သည့်အတွက် တောင်သူများတွက်ခြေကိုက်ပြီး စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးသောမျိုးများမှာ ပင်ပုမျိုး၊ ပင်လတ်မျိုးနှင့် ပင်မြင့်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ၄၅ ရက်အကြာတွင် စတင်ခူးဆွတ်ရပြီး နှစ်ရက်ခြားတစ်ကြိမ်ခူးဆွတ်ပေးရကြောင်း၊ တစ်ဧကလျှင် ကုန်ကျစရိတ်အနေဖြင့် ကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀-၁၀၀၀ ရရှိပြီး အထွက်နှုန်းအနေဖြင့် ပိဿာ ၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ဈေးနှုန်းအပေါ်မူတည်၍ အကျိုးအမြတ်ရရှိကာ မိသားစုဝင်ငွေ တိုးပွားစေသည့် ရုံးပတီသီး သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။

**DOCA (မန္တလေး)**

သတင်းအရင်းအမြစ်-စီးပွား/ကူးသန်း

---

# မာန်အောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**မာန်အောင် ဇွန် ၂၅**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မာန်အောင်မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်လွင်ထံမှ သိရသည်။

မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် မာန်အောင်မြို့နယ် မင်းဆိပ်ပြင်ကျေးရွာနှင့် ကံလက်ကျေးရွာနှစ်ရွာတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဇွန် ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မင်းဆိပ်ပြင်ကျေးရွာတွင် ကျေးရွာအဝင်မြေသားလမ်း (၁၃၀၀x၁၈) ပေကို မြစိမ်းရောင်အတိုးရငွေ ၃ ဒသမ ၆ သန်း၊ ပြည်သူထည့်ဝင်ငွေ ၀ ဒသမ ၉၄ သန်း စုစုပေါင်း ၄ ဒသမ ၅၄ သန်းဖြင့်လည်းကောင်း၊ ကံလက်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း (၂၁၀x၁၂) ပေကို မြစိမ်းရောင်အတိုးရငွေ ၇ ဒသမ ၃ သန်း၊ ပြည်သူထည့်ဝင်ငွေ ၀ ဒသမ ၇၈၃၈ သန်း စုစုပေါင်း ၈ ဒသမ ၀၈၃၈ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၄ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

---

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ပြိုင်ပွဲများ ဟိုပန်၌ ကျင်းပ

**ဟိုပန် ဇွန် ၂၅**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၄ ရက်က ကျင်းပရာ ဟိုပန်မြို့နယ်တွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် "မူးယစ်ဆေးရန် တို့တွန်းလှန် ကြိုးစားတိုက်ဖျက်နိုင်ငံအတွက်"၊ "မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ လူမှုဘဝ"၊ "ငါတို့အနာဂတ်လှပဖို့ မူးယစ်ကင်းစင်ကမ္ဘာ ဖန်တီးမှု"၊ "မျိုးဆက်သစ်များ တိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်စို့"၊ " လုံခြုံစိတ်ချ ပြည်သူ့ဘဝ မူးယစ်မှန်သမျှ တိုက်ဖျက်ကြ"၊ "လူသားချင်းစာနာ ကျန်းမာဖို့ စိန်ခေါ်မူးယစ် တိုက်ဖျက်စို့ " ခေါင်းစဉ်များဖြင့် စာစီစာကုံးပြိုင်ပွဲတွင် ၂၆ ဦး၊ ကဗျာပြိုင်ပွဲတွင် ၄၈ ဦး၊ ပန်းချီပြိုင်ပွဲတွင် ၅၅ ဦး စုစုပေါင်း ၁၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ ကြည့်ရှုအားပေးခဲ့ကြပြီး ဆုရရှိသူများကို ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

**ခရိုင် (ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြောင်းမြမြို့နယ် ရှေးဟောင်းရွှေဂူကြီးဘုရား ဌာပနာပိတ်ပွဲမင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညိုပူဇော်



**မြောင်းမြ ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်များသည် မြောင်းမြမြို့ လပွတ်ကုလားကျေးရွာအုပ်စု ရွှေဂူကြီးကျေးရွာတွင် တည်ထားသည့် အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် ရွှေဂူကြီးဘုရား ဌာပနာပိတ်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက တက်ရောက်ကြည်ညိုသည်။

အဆိုပါ မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အလယ်တောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာသီဟ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ပြီးနောက် တာဝန်ရှိသူများနှင့် အလှူရှင်များက ပရိတ်ပန်း၊ ပရိတ်ရေ၊ ဘုရားဌာပနာများနှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ထို့နောက် ရွှေဂူကြီးဘုရား ဌာပနာပစ္စည်းများကို လက်ဆင့်ကမ်းပင့်ဆောင်သယ်ယူပြီး မင်္ဂလာအချိန်တော်တွင် အမွှေးနံ့သာရည်များပက်ဖျန်း၍ ဌာပနာတိုက်တွင်းသို့ ထည့်သွင်းပူဇော်သည်။ ဘုရားဌာပနာများထည့်သွင်းနေချိန်တွင် သံဃာတော်အရှင်သူမြတ်များက ဇယန္တော ဗောဓိယာမူလေ အစချီသော ဇယမင်္ဂလာ အောင်ဂါထာများကို ရွတ်ဖတ်ပူဇော်သည်။ ဘုရားဌာပနာများထည့်သွင်းပြီး ဌာပနာပိတ်ချိန်တွင် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရတနာရွှေမိုးငွေမိုးများ ရွာသွန်းခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ၊ ပြည်သူများ တက်ရောက်ကြည်ညို ပူဇော်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့ရှိ အခွန်လွတ်ဈေး၌ သက်သာသောနှုန်းထားများဖြင့် ဈေးရောင်းဝယ်နေမှုများကို ကြည့်ရှုအားပေး

**ဘားအံ ဇွန် ၂၅**

စိုက်ပျိုးမွေးမြူရေး တောင်သူများက သက်သာသောနှုန်းထားဖြင့် စားသုံးသူလက်ဝယ်သို့ တိုက်ရိုက်ရောင်းချနိုင်ရေး ကရင်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်း၍ ဇွန် ၂၄ ရက်က ဘားအံမြို့ ကန်သာယာညဈေးတည်နေရာ၌ စနေနေ့ အခွန်လွတ်ဈေးကို စတင်ဖွင့်လှစ်ရောင်းချခဲ့ရာ ရောင်းဝယ်သူများနှင့် စည်ကားခဲ့သည်။

အဆိုပါ အခွန်လွတ်ဈေးတွင် ဆိတ်သား၊ ကြက်သား၊ အမဲသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ အစရှိသော အသား၊ ငါးနှင့် ဥအမျိုးမျိုး၊ စားဖိုဆောင်သီးနှံ ဟင်းသီးဟင်းရွက်အမျိုးမျိုးနှင့် ပြည်နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားအုန်းဆီများကို သက်သာသော နှုန်းထားဖြင့် ရောင်းချပေးခဲ့ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကုန်ဈေးနှုန်းတည်ငြိမ်၍ အစားအစာ ဘေးကင်းလုံခြုံမှုရှိပြီး အာဟာရပြည့်ဝ လတ်ဆတ်သည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို မိသားစုတိုင်း ဖူလုံစွာစားသုံးနိုင်ရေးအတွက် ယခုကဲ့သို့ အခွန်လွတ်ဈေးများကို တိုးချဲ့ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အရည်အသွေးပြည့်ဝပြီး ဘေးဥပဒ်ကင်းရှင်းသော စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များကို အများပြည်သူထံ တိုက်ရိုက်ရောင်းချခြင်း ဖြစ်သည့်အတွက် ဒေသခံ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် စားသုံးသူများအတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၀၂၃ - ၂၀၂၄ ခုနှစ် လုပ်ငန်းရာသီမစတင်မီ တရားမဝင်ကျားဖောင်များ လျှော့နည်းပပျောက်စေရေး အသိပညာပေးဟောပြော

**နေပြည်တော် ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း တရားမဝင်ကျားဖောင် လျှော့နည်း ပပျောက်စေရေး အတွက် အသိပညာပေးဟောပြောခြင်းကို အင်္ဂလန်ကျားဖောင် အဓိကလုပ်ကိုင်သည့် နောက်မီးကျေးရွာ၊ ခါးပြတ်ကျေးရွာများသို့ ဇွန် ၂၀ ရက်က နောက်မီးကျေးရွာရှိ ရေလုပ်ငန်းရှင်များ အသင်းရုံး၌ ကျင်းပသည်။ **(အောက်ယာပုံ)**

အဆိုပါ အသိပညာပေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသည့် အဖွဲ့ဖြစ်သော ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်လင်း၊ မြို့မိမြို့ဖ ဦးမင်းမင်းနှင့်အတူ ဖျာပုံခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးကိုကိုလွင်တို့က ငါးဖမ်းရာသီရပ်နားကာလအတွင်း တရားမဝင်ကျားဖောင်များ လုပ်ကိုင်မှုမရှိစေရေး အင်္ဂလန်ကျားဖောင်လုပ်ကိုင်ခွင့်ရရေယာဉ် တစ်စင်းလျှင် ရှစ်ဖောင်သာ လုပ်ကိုင်ရေး၊ ခွင့်ပြုကိရိယာအတိုင်း လုပ်ကိုင်စေရေးတို့အား ၂၀၂၃-၂၀၂၄ ခုနှစ် လုပ်ငန်းရာသီ မစတင်မီ တွေ့ဆုံဆွေးနွေးပြောကြားသည်။

ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နယ်မြေရဲစခန်းမှူးများ၊ ရေလုပ်ငန်းရှင်များ၊ အသင်းဥက္ကဋ္ဌအပါအဝင် ခါးပြတ်ကျေးရွာမှ ရေလုပ်ငန်းရှင် ၅၄ ဦးနှင့် နောက်မီးကျေးရွာမှ ရေလုပ်ငန်းရှင် ၄၀ တို့ တက်ရောက်ကြပြီး တရားမဝင် ကျားဖောင်ပပျောက်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းပေးရန် တင်ပြမှုအပေါ်တွင် ခရိုင်အုပ်ချုပ်ရေးမှူးက ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်မြို့၌ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်

**နေပြည်တော် ဇွန် ၂၅**

ပြည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ သဘာဝမြစ်ရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဇွန် ၂၅ ရက်က ပြည်မြို့ကမ်းနားလမ်း ဆိပ်ခံဇေတံတား၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်နှင့် ဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်မိုးသီတာနှင့် ဝန်ထမ်းများတက်ရောက်၍ အုတ်ဖိုငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၊ ငါးကြင်းငါးသားပေါက်ကောင်ရေ ၇၀၀၀၀၊ ငါးခုံးမကြီးငါးသားပေါက် ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ အခွန်လွတ်ဈေး ဖွင့်လှစ်ရောင်းချပေး

**မြဝတီ ဇွန် ၂၅**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း စားသောက်ကုန်များကို ဈေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူများအား ဈေးနှုန်းချိုသာစွာ ရောင်းချပေးနိုင်ရေးအတွက် အခွန်လွတ်ဈေးအဖြစ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဘိုးရာဇာလမ်း၌ ဇွန် ၂၄ရက်ကစတင်ဆောင်ရွက်ခဲ့သည်။

အခွန်လွတ်ဈေးတွင် ဈေးရောင်းချနေမှုများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ အဖွဲ့ဝင် ဦးစိန်သောင်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုကာ အခွန်လွတ်ဈေးတွင် သားငါး၊ ဟင်းသီးဟင်းရွက်အစုံနှင့် အခြားစားသောက်ကုန်များကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းဖြစ်ပြီး အပတ်စဉ် စနေနေ့တိုင်း ရပ်ကွက်များအတွင်း လှည့်လည်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



တောင်ကုတ်မြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၄ ရက်က မောင်းကန်ကျေးရွာ၌ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအေးချမ်းဖြိုးက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် အသင်းအဖွဲ့များအား ပျိုးပင်များ လွှဲပြောင်းပေးအပ်ပြီး ပျဉ်းကတိုး၊ မဟော်ဂနီနှင့် မန်ကျည်းရှားပင် ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# ချောင်းရေမလျှံ ရေမကြီး ရေစီးရေလာကောင်းပြီး မြေကြီးက ရွှေသီးပြီ

*သိန်းဇော် (ရွှေလီဦး)*

**ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ချောင်းအင်းအိုင်ပေါများသော တိုင်းဒေသကြီးဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာကပင် ဒီရေ ဒီမြေကို အမှီပြု၍ စပါး၊ ပဲ၊ ပြောင်း၊ ဆေးရွက်ကြီး၊ ငရုတ်၊ ဘူး၊ သခွား စသည့် သီးနှံမျိုးစုံကို စိုက်ပျိုးလာကြသည်။ ဒီချောင်း ဒီရေတွင် လှေငယ်များ စုန်ဆန်ကူးလူးသွားလာခဲ့ကြသည်။ ကုန်သွယ်ခဲ့ကြသည်။ ထို့ကြောင့် ဒေသနေပြည်သူတို့၏ သာသနာရေး၊ ဘာသာရေးမှအစပြု၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့အတွက် ဒီမြစ်၊ ဒီချောင်း၊ ဒီရေတို့မှာ အသက်သွေးကြောပင်။**

သို့သော် နှစ်ပေါင်းများစွာ ကြာမြင့်လာသော အခါ အကြောင်းအမျိုးမျိုးတို့ကြောင့် မြစ်ချောင်းကြီးများမှလွဲ၍ မြစ်အဖျား၊ ချောင်းအဖျားတို့မှာ ကောလာခဲ့သည်။ အချို့ချောင်းများ၊ ရိုးများမှာ ရွှံ့နွံ၊ သဲနုန်းတို့ ပြည့်လာသည်။ ချောင်းတချို့ မြေပြင်ကြီး ပမာ ဖြစ်သွားသည်။ ပျောက်သွားသည်။ ယခင်က လှေသမ္ဗန်တို့ သွားလာခဲ့သည်မှာ ယခုပြောလျှင် ယုံနိုင်စရာမရှိတော့။ ဒေသနေပြည်သူတစ်ဦး ဖြစ်သော ရှေ့မီနောက်မီ အဘိုးတစ်ဦးထံမှ ရေကြည် ချောင်း၏ သမိုင်းကြောင်းကို တစေ့တစောင်း သိခွင့်ရခဲ့၏။ တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည့် ဒေသနေ ပြည်သူများ၏ စကားသံများမှာလည်း အားရ ကြည်နူးဖွယ်ရာပင်။

ရေကြည်မြို့ ဗထူးရပ်ကွက်နေ အသက် ၉၃ နှစ် အရွယ် ကျောင်းဆရာကြီး အငြိမ်းစား ဦးအေးဟန်က ရေကြည်ချောင်းကြီး၏ ယခင်အခြေအနေနှင့် ပတ်သက်၍ "ဟိုအရင် နှစ်ပေါင်းများစွာက တို့ရေကြည်ချောင်းကြီးဟာ ရေကြည်၊ ဇရပ်လှ၊ ငါးသိုင်းချောင်းကထွက်တဲ့ ဆန်စပါး၊ ခြံထွက် သီးနှံတွေ၊ ၄က်ပျောတွေကို သယ်ယူပို့ဆောင်ရာမှာ အသုံးဝင်တဲ့ အဓိကလမ်းကြီးပေါ့။ ဒီကနေ့ ကျုံပျော် ဒါးကမြစ်ကနေ မြစ်ဝကျွန်းပေါ်တစ်ခုလုံးကနေ၊ နိုင်ငံအနှံ့သွားလာနိုင်သလို ကုန်စည်ကူးသန်း ရောင်းဝယ်ခဲ့တာပေါ့။ လွန်ခဲ့တဲ့ နှစ် ၁၅၀ လောက်က ငဝန်တာတမံကြီးကို လယ်ယာစိုက်ပျိုးရေးအတွက် လယ်ယာမြေတွေ ရေမနစ်ဖို့ ရေကာတာကြီး ဖို့လိုက်တာနဲ့ တဖြည်းဖြည်းနဲ့ ရေကြည်မြစ်ကျိုး ချောင်းကြီးနဲ့အတူ ချောင်းလက်တက်တွေဖြစ်တဲ့ ကြို့ကုန်းချောင်း၊ ကြံ့လဟာချောင်း၊ ကလိပတ် ချောင်း၊ လှေဆွဲရိုးချောင်းတွေဟာ နုန်းတွေကျ၊ အတားအဆီး အပိတ်အဆို့တွေဖြစ်ပြီး မြေသားတွေ တက်လာတာပေါ့။ ရေကြည်ချောင်းကြီးမှာ လှေသမ္ဗန်တွေ သွားလာနိုင်ဖို့ နေနေသာသာ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းကူးနိုင်တဲ့အထိ နွံတွေ တက်လာတော့ နွေအခါရေတက်ရေကျဟာ ဆင်ကူး တံတားလောက်ပဲရှိတော့တယ်" ဟု ပြောပြသည်။

ထို့အတူ တိုးတက်လာသည့် ယခုလက်ရှိအခြေ အနေများကိုလည်း ဒေသခံတောင်သူလယ်သမား များထံမှ ကြားသိခဲ့ရသည်။



ရေကြည်ချောင်းရေဖြင့် စိုက်ပျိုးထားသည့် ချောင်းဘေးမှ ပဲတီစိမ်းစိုက်ခင်းတစ်ခင်း။

ပန်းတောကြို့ကုန်းရွာမှ လယ်သမားကြီး ဦးသန်းလွင်က "ရေကြည်မြစ်ကျိုးချောင်းကြီးနဲ့ ချောင်းလက်တက်တွေဖြစ်တဲ့ ကြံ့လဟာချောင်း၊ ကြို့ကုန်းချောင်း၊ လှေဆွဲရိုးချောင်း၊ ကလိပတ် ချောင်းတွေကို နိုင်ငံတော်က တူးဖော်ပေးခဲ့တဲ့ အတွက် လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀ လောက်က ရေစီးရေလာမျိုး ပြန်ရပါပြီ။ ဒါကြောင့် နိုင်ငံတော် ဝန်ကြီးချုပ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဧရာဝတီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနဲ့ တိုင်းတာဝန်ရှိသူများကိုလည်း အထူးကျေးဇူး တင်ပါတယ်။ ကျွန်တော်တို့ ရေကြည်မြို့နယ်မှာ ၂၀၂၂-၂၀၂၃ အတွင်း လယ်ယာစိုက်ပျိုးရေးနဲ့ သက်ဆိုင်တဲ့ ချောင်းကော၊ မြောင်းကောကြီး ခြောက်မြောင်း တူးဖော်ပေးထားတယ်လို့လည်း သိရပါတယ်။ အခုဆိုရင် ကျွန်တော့်လယ်ဟာ ပန်းတောကြို့ကုန်းချောင်းဘေးမှာ ရှိနေတာမို့ ယခင်က စပါးပြီး ပဲ၊ ပဲပြီးရင် ရေမရှိတော့လို့ လယ်မြေကို ဒီအတိုင်းထားခဲ့ရတယ်။ အခုလာမယ့် နှစ်ဆို သက်ရင်စပါးထပ်စိုက်ပြီး သုံးသီး အမှန်တကယ်စိုက်နိုင်တော့မှာ အသေအချာ ဖြစ်သွားပြီ။ နောက်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေလည်း ထောက်ပံ့ရရှိခဲ့တယ်။ နောက်ပြီး တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်း ၁၀၀ ကျော်မယ့် မျိုးကောင်းမျိုးသန့်တွေ ထုတ်ပေးပြီး နည်းစနစ်တွေ ပညာပေးတယ်။ နောက်သမဝါယမဦးစီးဌာနက သွင်းအားစုတွေ စီစဉ်ပေးတယ်။ ဒါကြောင့် ကျွန်တော်တို့လို လယ်သမားတွေအနေနဲ့ သားရွှေအိုးထမ်းလာတာ မြင်ရကိန်းဖြစ်ပြီပေါ့ဗျာ။ တစ်နည်းပြောရရင် မြေကြီးက ရွှေသီးပြီး အလှူအတန်းတွေလည်း လှူကြ၊ တန်းကြနဲ့ မိသားစုစီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အထွေထွေတိုးတက်လာမှာ သေချာပြီ" ဟု ပြောသည်။

**ရေကြည်မြစ်ကျိုးချောင်းကြီးတစ်လျှောက် ချောင်းဘေးဝဲယာတွင် ပြောင်း၊ ဘူး၊ သခွား၊ ငရုတ်၊ ပဲတောင့်ရှည်၊ ဂေါ်ဖီ၊ ခရမ်းသီး၊ ရုံးပတီသီး၊ ပန်းဂေါ်ဖီခင်းများနှင့် မေမြို့ပန်း၊ သစ္စာပန်း၊ ဒေါနပန်းစသည့် စိုက်ခင်းပန်းခင်းများ ပျောက်ကွယ်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ယခုနှစ်ကာလတွင် ချောင်းကော၊ မြောင်းကောများ ပြန်လည်တူးဖော်ပေးခဲ့ပြီး ရေကြည်ချောင်းကြီးနှင့် ချောင်းလက်တက်များ ကမ်းနားတစ်လျှောက်တွင် ခြံစိုက်ခင်း၊ ပန်းခင်းများစိုက်ပျိုးကြရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ စေတနာလမ်းညွှန်ချက်ဖြင့် ဝေဝေဆာဆာဖြစ်နေခဲ့ပြီ**





ရေကြည်ချောင်းကို မတူးဖော်မီပုံနှင့် တူးဖော်ပြီးစီးသောပုံ။

ရေကြည်မြို့နယ်တွင် ယခင်ကာလက ရေစီး ရေလာကောင်းပြီး စိုက်ပျိုးရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးအတွက် အလွန်အသုံးဝင်ခဲ့သော ချောင်းကြီး၊ မြောင်းကြီး များမှာ အကြောင်းအမျိုးမျိုးကြောင့် ချောင်းကော မြောင်းကောများဖြစ်ကာ မိုးများလျှင် ရေထွက်ပေါက်ကျဉ်း၍ ရေကြီးရေလျှံခြင်း၊ စပါး စိုက်ခင်းများ အကြိမ်ကြိမ်ပျက်စီးခြင်းများ ကြုံရ သဖြင့် လယ်သမားများအနေဖြင့် အိုးလုပ်ဖုတ်ကွဲ အဖြစ်မျိုးကြုံခဲ့ရသည်မှာ အကြိမ်ကြိမ်ပင်။

ထို့အတူ ရေကြည်မြစ်ကျိုးချောင်းကြီး တစ်လျှောက် ချောင်းဘေးဝဲယာတွင် ပြောင်း၊ ဘူး၊ သခွား၊ ငရုတ်၊ ပဲတောင့်ရှည်၊ ဂေါ်ဖီ၊ ခရမ်းသီး၊ ရုံးပတီသီး၊ ပန်းဂေါ်ဖီခင်းများနှင့် မေမြို့ပန်း၊ သစ္စာပန်း၊ ဒေါနပန်းစသည့် စိုက်ခင်းပန်းခင်းများ ပျောက်ကွယ်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ယခုနှစ် ကာလတွင် ချောင်းကော၊ မြောင်းကောများ ပြန်လည်တူးဖော်ပေးခဲ့ပြီး ရေကြည်ချောင်းကြီးနှင့် ချောင်းလက်တက်များ ကမ်းနားတစ်လျှောက်တွင် ခြံစိုက်ခင်း၊ ပန်းခင်းများစိုက်ပျိုးကြရန် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ စေတနာလမ်းညွှန် ချက်ဖြင့် ဝေဝေဆာဆာဖြစ်နေခဲ့ပြီ။

မျက်တိုအုပ်စု မဲဇလီကုန်းရွာမှ တောင်သူ လယ်သမား ကိုစိုးမင်းစိုးကလည်း "ကျွန်တော်တို့ မြို့နယ်မှာ နိုင်ငံတော်က ဒီရေကြည်ချောင်းကြီးနဲ့ ချောင်းလက်တက်တွေကို တူးဖော်ပြီး တောင်သူ လယ်သမားတွေဘဝနဲ့ ဒေသနေပြည်သူတွေဘဝကို မြှင့်တင်ပေးတဲ့အပြင် ရေကြည်မြို့နယ် ဆည် မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရဲ့ ကြီးကြပ်မှု၊ တာဝန်ယူတဲ့ ကုမ္ပဏီများရဲ့ တာဝန် ကျေမှုကြောင့် ကျွန်တော့်လုပ်ခင်းဖြစ်တဲ့ ကြို့ကုန်း၊ ကြံ့လဟာချောင်းဖျားအထိ ရေတက်ရေကျရှိလာ ပါပြီ။ ဒါကြောင့် လာမယ့်နှစ်မှာ စပါး၊ ပဲတီစိမ်း၊ မတ်ပဲနဲ့ နေကြာကို ရေသွင်းစနစ်နဲ့ စိုက်ပျိုးနိုင်ပါပြီ။ နောက်ပြီး ဒီလိုတူးဖော်ထားတဲ့ မြောင်းဘေးက တာပေါင်ကြီးကို ကုန်ထုတ်လမ်းအဖြစ် အဆင့် မြှင့်လိုက်ရင်တော့ ကျွန်တော်တို့ တစ်နယ်လုံး ချောင်းရေမလျှံ ရေမကြီး ရေစီးရေလာကောင်းပြီး မြေကြီးက ရွှေသီးပြီပေါ့" ဟု အားပါးတရပြော သည်။

နိုင်ငံတော်၏စေတနာ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းအစိုးရအဖွဲ့၏ ပံ့ပိုးဆောင်ရွက်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်များ၏ အကောင်အထည်ဖော်မှု၊ ကျုံပျော် ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ရေကြည်မြို့နယ် စီမံ အုပ်ချုပ်ရေးအဖွဲ့တို့၏ အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးမှုများကြောင့် ရေကြည်မြို့နယ်ရှိ ရေကြည်ချောင်းကြီးနှင့် လက်တက်ချောင်းများကို မှီခိုနေထိုင်စားသောက် စိုက်ပျိုးလုပ်ကိုင်ကြသော မိသားစုများ၏ ဘဝများသည် အမှန်တကယ်ပင် မြေကြီးက ရွှေသီးပေတော့မည်။ ထို့အတူ တိုင်းနှင့် ပြည်နယ်အနှံ့မှ ချောင်းကော၊ မြောင်းကောများကို နိုင်ငံတော်က လိုအပ်သလို တူးဖော်ပေးနေခြင်းကို ဖြင့် မြင်တွေ့ကြားသိရသော သတင်းများကြောင့် အများနှင့်ထပ်တူခံစားရင်း ဝမ်းသာပီတိဖြစ်ရပါ တော့သည်။ ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။




○ကျောဖုံးမှ

ညနေပိုင်းတွင် ဒုတိယပွဲစဉ်အဖြစ် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

စတုတ္ထနေ့ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် အုပ်စု(က)မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန(က) အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ညနေပိုင်းတွင် အုပ်စု(ခ)မှ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး U-18 အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကျင်းပ၊ မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်ဗိုလ်လုပွဲတက်ရောက်

**မန္တလေး ဇွန် ၂၅**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး U-18 အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို သတ်မှတ်အားကစားကွင်းများတွင် ယနေ့အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ အား/ကာ ညွှန်ကြားရေးမှူးများ၊ အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာ



နိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ မန္တလေးမြို့ အောင်မြေမန္တလာ အားကစားကွင်း၌ ဇွန် ၂၅ ရက် ညနေပိုင်းက ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ ဒုတိယပိုင်းပွဲပြီးသည်အထိ တစ်ဖက်တစ်ဂိုးစီ သရေပွဲ ဖြစ်ခဲ့သဖြင့် အချိန်ပိုဆက်လက် ယှဉ်ပြိုင်ကြပြီး နှစ်သင်းစလုံး ထပ်မံဂိုးမရရှိဘဲ ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းကြရာ ရှမ်းပြည်နယ်အသင်းက ခုနစ်ဂိုး – ခြောက်ဂိုးဖြင့် အနိုင်ရရှိသည်။ အလားတူ ဒုတိယအကြိုဗိုလ်လုပွဲအား ဗထူးအားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိသည်။

ယနေ့ ယှဉ်ပြိုင်အနိုင်ရရှိကြသည့် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့သည် ဇွန် ၂၈ ရက် ညနေတွင် အောင်မြေမန္တလာ အားကစားကွင်း၌ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ကရင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့က ဇွန် ၂၇ ရက်တွင် တတိယလုပွဲ ယှဉ်ပြိုင်ကစားမည်ကြဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – မြင့်စိုး |
| သတင်းထောက်မှူး | – ခင်ရတနာ |
| စာတည်းများ | – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | – ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ – ၆ – ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၀၀ ကျပ် | ၂၀၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၈၀ ကျပ် | ၂၁၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၅ ကျပ် | ၂၀၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၇၉၀၀ | ၁၄၀၀ | ၁၁၀၆၀၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၂၀ | ၅၈၀၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၁၈၀ | ၁၂၉၆၀၀၀ |
| FPB | ၁၅၀၀ | ၁၄၅၀ | ၂၃၂၆၈ | ၃၃၈၉၄၀၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၄၈၅ | ၁၁၆၈၈၅၀ |
| EFR | ၂၅၀၀ | ၂၅၀၀ | ၃၈၀ | ၉၅၀၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀၀ | ၄၉၀၀၀၀ |

ညီညီ – စုစည်းသည်

# သမဝါယမအသင်းသားတောင်သူတွေ ကိုယ်စီအကျိုးပို၍ရနေပြီ

**K ဇင်သစ်(မန်းတက္ကသိုလ်)**

တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ခြင်းထက် အများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၏ ရလဒ်ကောင်းကို တောင်သူတွေကိုယ်စီ လက်တွေ့ခံစားနေကြရပေပြီ။ တောင်ပေါ်ဒေသ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်ရှိ ကော်ဖီစိုက် တောင်သူများအနေဖြင့် တစ်ဦးတစ်ယောက်ချင်း ကိုယ်ပိုင်ကော်ဖီခြံအတွင်း ကိုယ့်သဘောနှင့်ကိုယ် စိုက်ပျိုးထုတ်လုပ်နေကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ လိုအပ်သည့်သွင်းအားစုရရှိရေးတွင် တစ်ဦးချင်းစီ ရုန်းကန်ကြရသဖြင့် အခက်အခဲများ တွေ့ကြုံခဲ့ကြရပြီး ထွက်ရှိကော်ဖီများ ဈေးကွက်ရရှိရေးတွင်လည်း သောင်မတင်ရေမကျ အလီလီကြုံခဲ့ကြရသည်။ လိုအပ်သည့် လုပ်ငန်းသုံးစက်ကိရိယာများ ရရှိနိုင်ရေးမှာလည်း အလှမ်းဝေးလျက်ရှိသည်။ ဒီဘက်နှစ်များဆီမှာတော့ တောင်သူတွေ အသိအမြင်ပို၍ကြွယ်ဝလာပြီး အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းက အသင်းတွင်ပါဝင်သူအားလုံး ကိုယ်စီအကျိုးအမြတ် ပိုရရှိလာသည်ဟူသည့် လက်တွေ့ခံစားရမှု၏ သရုပ်သဏ္ဌာန်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေကြပြီဖြစ်ပေသည်။

**ကော်ဖီအထူးပြု သမဝါယမအသင်း**

ရွာငံမြို့နယ်တွင် ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာပေါင်း ၁၂၅ ရွာရှိပြီး မြို့နယ်သမဝါယမအသင်းစု အပါအဝင် သမဝါယမအသင်း ၈၆ သင်း ဖွဲ့စည်းထားကြောင်း သိရသည်။ သမဝါယမအသင်းအများစုမှာ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ ဖွဲ့စည်းထား သောသမဝါယမအသင်းများဖြစ်ပြီး ကော်ဖီစိုက်တောင်သူများ အသင်းသားအဖြစ်ပါဝင်သော ကော်ဖီအထူးပြု သမဝါယမအသင်း ငါးသင်း၊ အစုအဖွဲ့ တစ်ဖွဲ့တို့ဖြင့် ဒေသထွက်ကော်ဖီများ ဈေးကွက်ရရှိရေးနှင့် ကော်ဖီစိုက်တောင်သူများ ဝင်ငွေတိုးပွားရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ရွာငံမြို့နယ် သမဝါယမအသင်းစုတွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ အခြေခံသမဝါယမအသင်း ၈၅ သင်းတို့က အသင်းဝင်အဖြစ်ပါဝင်ပြီး အသင်းစုကိုယ်တိုင် ကော်ဖီသီးနှံဝယ်ယူပြီး ကြိတ်ခွဲရောင်းချဖြန့်ဖြူးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ရွာငံကော်ဖီများကို ပြည်တွင်း/ ပြည်ပ ဈေးကွက်ရရှိရေး၊ မြို့နယ်အတွင်းရှိ ကော်ဖီစိုက်တောင်သူများ ဝင်ငွေပိုမိုတိုးတက်ရရှိစေရေး၊ အကျိုးအမြတ်ရရှိမှုကို အသင်းဝင် အခြေခံသမဝါယမအသင်းများမှတစ်ဆင့် အသင်းသားတောင်သူများသို့ အကျိုးအမြတ်ခွဲဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အရည်အသွေးမီကော်ဖီများ ရရှိနိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းသုံးစက်ကိရိယာများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် ဝန်ကြီးဌာနပံ့ပိုးငွေ၊ အသင်းပိုင်ငွေကြေး ထက်ဝက်စီခန့်ဖြင့် သီးလုံးစိုအခွံချွတ်စက် ခုနစ်လုံး၊ အခြောက်ကြိတ်စက် သုံးလုံး၊ အဆန်ဆိုဒ်ခွဲစက် သုံးခုတို့ကို သမဝါယမအသင်း ငါးသင်းနှင့် အစုအဖွဲ့တစ်ခု ပေါင်းခြောက်ဖွဲ့တို့က ဝယ်ယူပိုင်ဆိုင်နေကြပြီး ကော်ဖီများဈေးကွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ ကော်ဖီစိုက်တောင်သူတစ်ဦးချင်းအလိုက် လုပ်ငန်းသုံးစက်ကိရိယာ ဝယ်ယူနိုင်ရေးမှာ အရင်းအနှီးကြီးမားခြင်း၊ စုပေါင်းပါဝင်သည့် အသင်း/အဖွဲ့က ဝယ်ယူခြင်းကြောင့် ထွက်ရှိကော်ဖီများ ဈေးကွက်ပိုမိုရရှိနိုင်ခြင်း၊ အသင်း/အဖွဲ့အင်အားဖြင့် ဆောင်ရွက်နိုင်သည့်အတွက် ရင်းနှီးငွေရရှိနိုင်မှု အခွင့်အလမ်းကောင်းများရှိလာခြင်း စသည့်အကျိုးများစွာ ရရှိနိုင်သကဲ့သို့ အရည်အသွေးမီ ကော်ဖီစေ့/ဆန်များ ရောင်းပန်းလှ၍ ဝင်ငွေပိုမိုတိုးတက်လျက်ရှိနေကြောင်း ကြားသိရ၍ ဝမ်းသာပီတိဖြစ်မိသည်။ အရည်အသွေးကောင်းမွန်သည့် ကော်ဖီများကို အသုံးပြုကြသည့် ပြည်သူများအတွက် ကျန်းမာရေးကောင်းမွန်မှုကို အထောက်အကူပြုစေသည်ဟု စိတ်ဝယ်ရည်မှန်း၍ ကော်ဖီထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့်အတွက်လည်း တောင်သူတစ်ဦးချင်းစီနှင့် သမဝါယမအသင်းတို့တွင် များစွာသော ကောင်းကျိုးအဖုံဖုံ ရရှိနေကြသည်ဆိုတာကလည်း မလွဲကေန်ပင်။

**နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ**

ရွာငံမြို့နယ်အတွင်းရှိ ကော်ဖီစိုက်ပျိုးထုတ်လုပ် ရောင်းချဖြန့်ဖြူးလျက်ရှိသည့် သမဝါယမအသင်း ငါးသင်း၊ အစုအဖွဲ့ တစ်ဖွဲ့တို့အနေဖြင့် လိုအပ်သော စက်ကိရိယာဝယ်ယူနိုင်ရေး၊ ကော်ဖီသီးလုံးစိုဝယ်ယူနိုင်ရေး၊ ခွဲခြမ်းကြိတ်ခွဲထုတ်လုပ်မှု၊ ခွဲခြမ်းရောင်းချမှု၊ အဆန်ထုတ်လုပ်မှုနှင့် အဆန်ရောင်းချခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်လည်ပတ်ငွေကျပ် သိန်း ၆၇၆၀ ကို ရယူပြီး ဆောင်ရွက်လျက်ရှိသည့်အတွက် လုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်လာခဲ့ကြခြင်းကြောင့် အမှန်ပင် နိုင်ငံစီးပွားမြှင့်တင်ရေးကို အထောက်အကူပြုနေသည်ဟု ဆိုရမည်။ သမဝါယမအသင်းများအနေဖြင့် ရရှိလာသော ရင်းနှီးမတည်ငွေများဖြင့် ဖော်ပြပါဇယားအတိုင်း ဝယ်ယူ၊ ထုတ်လုပ်၊ ရောင်းချခဲ့မှုကြောင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကျိုးအမြတ် ကျပ် ၁၁၄၃ ဒသမ ၇၈၅ သိန်း ရရှိခဲ့ကြောင်း သိရသည်။

တည်ဆဲသမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများအရ အသင်းတွင် ပါဝင်သော အသင်းဝင်/ အသင်းသားများအား ရရှိအကျိုးအမြတ်များကို အပြည့်အဝခွဲဝေပေးမှု အားနည်းလျက်ရှိပြီး သက်ဆိုင်ရာအသင်းအတွက် ရန်ပုံငွေ၊ လျာထားငွေများထားရှိမှုက ၅၀ ရာခိုင်နှုန်းကျော် ခွဲဝေလျက်ရှိသည်ဟု သုံးသပ်မိသည်။ အသင်းဝင်/အသင်းသားများအတွက် တိုက်ရိုက်လက်ငင်းအကျိုးသက်ရောက်မှုကို အလေးထားဦးစားပေးဆောင်ရွက်ပေးမည်ဆိုပါက အသင်းဝင်/ အသင်းသားများသည် လက်တွေ့ကျကျ ထိထိမိမိ အကျိုးခံစားခွင့်ရရှိပြီး “ဒို့တစ်တွေအနေဖြင့် သမဝါယမအသင်းသားဖြစ်ရခြင်းကြောင့် အကျိုးအမြတ်များစွာရရှိသည်” ဟု အသင်းသားကိုယ်စီ အသိတရားတိုးပွားပြီး “ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ” ဆိုသကဲ့သို့ အသင်းသားတစ်ဦးချင်းစီ အကျိုးအမြတ်ရရှိသလို အသင်းသားများ ပူးပေါင်းပါဝင်နေသည့် သမဝါယမအသင်းသည်လည်း ရေရှည်တည်တံ့ခိုင်မြဲနေမည်သာဖြစ်သည်။ လက်ရှိ ဖွဲ့စည်းထားမှုများအရ အခြေခံသမဝါယမအသင်းတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီက အသင်းသားအဖြစ် ပါဝင်ပြီး ဖွဲ့စည်းထားသည်။ အသင်းစုတွင် အခြေခံအသင်းများက အသင်းဝင်၊ အသင်းစုချုပ်များတွင် အသင်းစုများက အသင်းဝင်၊ ဗဟိုသမဝါယမအသင်းတွင် အသင်းစုချုပ်နှင့် အသင်းစုတို့က အဖွဲ့ဝင်အဖြစ် အဆင့်ဆင့်တည်ရှိဖွဲ့စည်းထားကြောင်း သိရသည်။ အသင်းများအနေဖြင့် အသင်းသားတစ်ဦးချင်းစီအတွက် အကျိုးအမြတ်ခွဲဝေမှုကို ထိထိမိမိခွဲဝေပေးဖို့ များစွာလိုအပ်လှပါသည်။ အချို့သော အသင်းစု (မြို့နယ်အသင်းစု)၊ အသင်းစုချုပ်များမှာ စီးပွားရေးအင်အား တောင့်တင်းခိုင်မာမှုရှိကြပြီး အခြေခံသမဝါယမအသင်းများမှာမူ ကြိုးစား၍ ရှင်သန်ရပ်တည်နေကြရသည့် အနေအထားရှိကြောင်း သိရသည်။ သမဝါယမကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးနေစေရန် အဓိကအုတ်မြစ်သဖွယ်ရှိနေသည့် အသင်းသားများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် ထိရောက်သော အကျိုးအမြတ်ခွဲဝေမှုကို တိုး၍ပို၍ ဆောင်ရွက်ပေးကြဖို့ လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

**အသင်းသားအကျိုးပြု ဦးစားပေးမှု**

ရွာငံမြို့နယ်ရှိ ကော်ဖီထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် သမဝါယမအသင်းများအနေဖြင့် ရရှိလာသော အကျိုးအမြတ်များအပေါ် အသင်းရန်ပုံငွေအတွက် ၁၀ ရာခိုင်နှုန်း မှ ၃၀ ရာခိုင်နှုန်းအထိ ခွဲဝေရယူလျက်ရှိကြပြီး အစုရှယ်ယာထည့်ဝင်ထားသူ အသင်းသားများအတွက် ထည့်ဝင်ထားသည့် အစုရှယ်ယာတန်ဖိုးပေါ်မူတည်၍ တစ်ဦးလျှင် ငွေကျပ် ရှစ်သိန်း/ တစ်သိန်း/ ငါးသောင်းနှုန်းစီဖြင့် အစုပေါ်အမြတ်၊ ရင်းနှီးငွေပေါ်အမြတ်အဖြစ် ခွဲဝေပေးထားခြင်း၊ အသင်းသို့ ကော်ဖီသီးလုံးစိုရောင်းချသည့် အသင်းသားတောင်သူများအား ရောင်းချသည့် ပိဿာပေါ်မူတည်၍ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀ နှုန်းမှ ၂၅၅ ကျပ်နှုန်းအထိ တောင်သူတစ်ဦးချင်းစီသို့ ကုန်ရောင်းပြန်အမ်းငွေအဖြစ် ခွဲဝေပေးခြင်းတို့ကို သီးနှံပေါ်ချိန် ရာသီအလိုက် ပြန်လည်ချီးမြှင့်ခဲ့သည့်အတွက် အသင်းသားတောင်သူဦးကြီးတို့ ပြုံးပျော်နေသည့် ပီတိအဟုန်က သမဝါယမအသင်းများက အသင်းသားအကျိုးပြုဦးစားပေးမှုကို ပုံဖော်နေခြင်းဖြစ်သည်ဟု ဆိုချင်သည်။

အချုပ်ဆိုရသော် ကော်ဖီစိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချလျက်ရှိသည့် သမဝါယမအသင်းများကဲ့သို့ အသင်းအတွက် ရရှိလာသည့် အကျိုးအမြတ်များကို အသင်းဝင်/အသင်းသားများသို့ ထိရောက်သည့် ခွဲဝေပေးမှုမျိုးကို လက်ရှိဖွဲ့စည်းပြီးသည့် သမဝါယမအသင်း ၃၈၇၀၉ သင်းအားလုံးတို့က လက်တွေ့ကျကျ လုပ်ဆောင်ပေးမည်ဆိုပါက အသင်းများတွင် အသင်းသားအဖြစ် ပါဝင်လျက်ရှိသော အသင်းသားအိမ်ထောင်စု ၄ ဒသမ ၁ သန်းကျော်တို့ ပြုံးပျော်နေကြမည် ဖြစ်ပေသည်။ သမဝါယမအသင်းများ၏ အသင်းသားများသို့ အကျိုးအမြတ်ခွဲဝေလုပ်ဆောင်ပေးမှုများက အသင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဆောင်ကြဉ်းပေးနေသည်ဟု အသင်းသားကိုယ်စီ ယုံကြည်မှုများ တိုးပွားလာနိုင်ခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ကြသည့် တောင်သူကိုယ်စီ အကျိုးအမြတ် ပို၍ရနေကြမည်ဖြစ်ခြင်းနှင့်အတူ သမဝါယမလုပ်ငန်းများ နိုင်ငံအဝန်း အစဉ်ရှင်သန်နေပေဦးမည်ဟု ယုံကြည်နေမိပါကြောင်း ရေးသားလိုက်ရသည်။ ။

**“တည်ဆဲသမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများအရ အသင်းတွင်ပါဝင်သော အသင်းဝင်/ အသင်းသားများအား ရရှိအကျိုးအမြတ်များကို အပြည့်အဝခွဲဝေပေးမှု အားနည်းလျက်ရှိပြီး သက်ဆိုင်ရာအသင်းအတွက် ရန်ပုံငွေ၊ လျာထားငွေများထားရှိမှုက ၅၀ ရာခိုင်နှုန်းကျော် ခွဲဝေလျက်ရှိသည်ဟု သုံးသပ်မိသည်”**

**၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်၊ သမဝါယမအသင်း၊ အစုအဖွဲ့များ ကော်ဖီကြိတ်ခွဲထုတ်လုပ်ရေး လုပ်ငန်းဆောင်ရွက်မှု**

(ကျပ်သိန်း)

| စဉ် | အသင်း/ အဖွဲ့ | ဝယ်ယူမှု | | | ထုတ်လုပ်မှု | | | ရောင်းချမှု | | | အကျိုးအမြတ် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | သီးလုံးစို/ ခွဲခြမ်းဝယ် | | | ခွဲခြမ်း/ အဆန် | | | ခွဲခြမ်း/ အဆန် | | | |
| | | ပမာဏ (ပိဿာ) | နှုန်း | တန်ဖိုး | ပမာဏ (ပိဿာ) | နှုန်း | တန်ဖိုး | ပမာဏ (ပိဿာ) | နှုန်း | တန်ဖိုး | |
| ၁ | မြို့နယ်အသင်းစု | ၁၉၇၁၄၃ | ၀.၀၃၅ | ၆၉၇၉.၅၀ | ၄၄၆၄၄.၅ | ၀.၁၇၀ | ၇၅၈၉.၃၇ | ၃၉၃၈၆.၁၈ | ၀.၁၈၆ | ၇၃၂၉.၆၅ | ၅၉၀.၂၅ |
| ၂ | ကောင်းထက်ဟိန်း | ၄၃၂၇၂ | ၀.၀၃၅ | ၁၅၁၆.၉၆ | ၁၀၀၀၀.၀ | ၀.၁၆၈ | ၁၆၇၇.၇၈ | ၁၀၀၀၀.၀၀ | ၀.၁၈၈ | ၁၈၇၇.၂၆ | ၁၉၉.၄၈ |
| ၃ | မြသရဖူ | ၅၈၄၆ | ၀.၀၃၄ | ၁၉၆.၈၄ | ၁၂၅၀.၀ | ၀.၁၇၀ | ၂၁၂.၆၃ | ၈၅၁.၃၇ | ၀.၁၉၂ | ၁၆၃.၇၂ | ၁၇.၀၉ |
| ၄ | မြစ်ဖျားပန်းလောင် | ၁၂၇၉၁ | ၀.၀၃၅ | ၄၄၅.၇၇ | ၂၈၄၂.၀ | ၀.၁၇၆ | ၄၉၉.၇၆ | ၂၈၄၂.၀၀ | ၀.၁၉၀ | ၅၄၀.၁၃၅ | ၄၀.၃၇၅ |
| ၅ | ရွှေသိင်္ဂီကော်ဖီအစုအဖွဲ့ | ၂၁၁၇၁<br>၃၃၆၉ | ၀.၀၃၅<br>၀.၁၉၂ | ၇၄၄.၁၆<br>၆၄၆.၀၀ | ၅၀၄၀.၀<br>၂၆၂၁.၅ | ၀.၁၆၂<br>၀.၂၅၂ | ၈၁၅.၉၇<br>၆၆၁.၄ | ၅၀၄၀.၀၀ | ၀.၂၀၀ | ၁၀၀၈.၀၁ | ၂၄၃.၆၉ |
| ၆ | ရောင်နီဦး | ၉၆၄၄ | ၀.၀၃၅ | ၃၄၂.၀၀ | ၁၇၀၄.၆ | ၀.၂၄၉ | ၄၂၄.၆ | ၁၇၀၄.၆ | ၀.၂၈ | ၄၇၇.၅ | ၅၂.၉ |
| | စုစုပေါင်း | ၂၉၃၂၃၆ | | ၁၀၈၇၁.၂၃ | ၆၈၁၀၂.၆ | | ၁၁၈၈၁.၅၁ | ၅၉၈၂၄.၁၅ | | ၁၁၃၉၆.၂၇၅ | ၁၁၄၃.၇၈၅ |

မှတ်ချက် ။ ။ မြို့နယ်သမဝါယမအသင်းစုမှ ကော်ဖီထုတ်ကုန် ခွဲခြမ်းလက်ကျန်များကို အဆန်အဖြစ် ဆက်လက်ကြိတ်ခွဲလျက်ရှိကြောင်း တင်ပြအပ်ပါသည်။

# မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၌ ရာမာန်က ထိုင်းမှ အိုလန်ကို ပထမအချီတွင်အလဲထိုးဖြင့် နိုင်

**ရန်ကုန် ဇွန် ၂၅**

မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်ကကြီးကြပ်၍ CANAL PLUS က စီစဉ်ကျင်းပသည့် TGL 4 THE GREAT LETHWEI လက်ဝှေ့ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲ၌ ၇၅-၇၉ ကီလို (စူပါမစ်ဒယ်ဝိတ်တန်း)၌ ရာမာန်(မြန်မာ)နှင့်အိုလန်(ထိုင်း) တို့ပြိုင်ပွဲတွင် ရာမာန် ကိုင်ပေါက်ချက်ကြောင့် အိုလန် ပထမအချီမှာပင် ဒဏ်ရာအနာတရရကာ အရှုံးပေးလိုက်ရသည်။ ၇၁-၇၅ ကီလို (မစ်ဒယ်ဝိတ်တန်း) တွင် ထွန်းမင်းအောင်နှင့် အောင်ခိုင်တို့ယှဉ်ပြိုင် ထိုးသတ်ကြရာ ငါးချီပြည့်အထိ ထွန်းမင်းအောင်က တိုက်စစ်အားသာခဲ့ပြီး ဒိုင်သုံးဦးက ထွန်းမင်းအောင်ကို အမှတ်ဖြင့် အနိုင်ပေးလိုက်သည်။

ထို့အတူ ၄၈ - ၅၁ ကီလို (ဖလိုင်းဝိတ်တန်း) သုံးချီပြိုင်ပွဲတွင် အောင်ထွန်းဘို လက်သီး ထိုးချက်ကြောင့် ဒုတိယအချီတွင် ဟဲကိုထူးကို အလဲထိုးနိုင်ခဲ့သည်။ ၅၁-၅၄ ကီလို (ဘင်တန်ဝိတ်တန်း) လေးချီပြိုင်ပွဲများတွင် သားသားနှင့် ဒေါနကျော်ကျော်တို့ ပြိုင်ပွဲ၌ သူတင်ကိုယ်တင် ထိုးကြသော်လည်း ဒိုင်သုံးဦးက အမှတ်ဖြင့် ဒေါနကျော်ကျော်ကို အနိုင်ပေးလိုက်သည်။ ၆၃.၅-၆၇ ကီလို (ဝယ်လ်တာဝိတ်တန်း) တွင် အောင်မိုးပြည့်နှင့် ဒေါနသွေး ပြိုင်ပွဲ၌ လေးချီပြည့်အထိ ထိုးသတ်ကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ ဒိုင်သုံးဦးရှိသည့်အနက် ဒိုင်နှစ်ဦးက ဒေါနသွေးကို အမှတ်ဖြင့်အနိုင်ပေးလိုက်သည်။ စိုးမိုးဇော်က ထွန်းလင်းကို ဒုတိယအချီ၌ တရစပ် လက်သီး ထိုးချက်များကြောင့် ဒိုင်က လက်ရည်မမျှ၍ စိုးမိုးဇော်ကိုအနိုင်ပေးလိုက်ရသည်။ မင်းထက်ကျော်နှင့် ရဲသွေးအောင် ပြိုင်ပွဲတွင် မင်းထက်ကျော် ဘယ်ညာ လက်သီးတွဲလုံးများကြောင့် ပထမအချီနှင့်ဒုတိယအချီတွင် ရဲသွေးအောင် အမှတ်စဉ်များ ရေတွက်ခံ၍ ဆက်လက်မယှဉ်ပြိုင်နိုင်ကာ မင်းထက်ကျော် အလဲထိုး အနိုင်ရရှိသွားသည်။ ၆၃.၅-၆၇ ကီလို(ဝယ်လ်တာဝိတ်တန်း) ငါးချီပြိုင်ပွဲများ၌ စောဂျွန်နှင့် အာရှနဂါးပြိုင်ပွဲတွင် ငါးချီပြည့် ထိုးကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ ဒိုင်သုံးဦးက စောဂျွန်ကို အမှတ်ဖြင့်အနိုင်ပေးလိုက်သည်။

စူပါရေချမ်းက ဖိုးလပြည့်ကို ဒုတိယအချီ၌ လက်သီးဖြင့် အလဲထိုးနိုင်ခဲ့သည်။ ၆၇-၇၁ ကီလို (လိုက်မစ်ဒယ်ဝိတ်တန်း) တွင် စောထူးအောင်နှင့် သွေးသစ်မောင်တို့ ပြိုင်ပွဲ၌ နှစ်ဦးစလုံး ထိုးလုံးထိုးပေါက်ကောင်းကြ၍ ငါးချီပြည့်ကာ အရှုံးအနိုင်မပေါ်ဘဲ ဒိုင်သုံးဦးက သွေးသစ်မောင်ကို အမှတ်ဖြင့် အနိုင်ပေးလိုက်သည်။

**အာကာစိုး**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၅**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## ရေဖြူမြို့၊ ကလိန်အောင်မြို့နှင့် ကွတ်ခိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ လေ့သိုင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာရှိ မလွဲတောင်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် HINO ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ၁၀ ကီလိုကိုလည်းကောင်း၊ ထိုနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကွတ်ခိုင်မြို့ ရပ်ကွက်(၈) နေ ဟော်ကျီလုံ(ခ) အားလုံ(ခ) သန်းဝင်း မောင်းနှင်လာသော TOYOTA WISH အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၅၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇွန် ၂၄ ရက် ညနေ ၄ နာရီတွင် အဆိုပါနေရာ၌ မိုင်းညီမောင် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မီးစက်ကြီးများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နောင်ချိုမြို့နယ် တရားမဝင် ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့က အိုရီယမ်တယ်တိုးဂိတ်၊ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လျှပ်စစ်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်လာသော မော်တော်ယာဉ်နှစ်စီးအား စိစစ်၍ လားရှိုးမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Fujianminyi China Silent Diesel Generating Set တစ်လုံးအပါအဝင် ကုန်ပစ္စည်း ၅၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၉၀၈၈၆၀)ကို လည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၉၀၈၈၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ ခရိုင်သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က မအူပင်ခရိုင် ညောင်တုန်းမြို့နယ် အမှတ် (၃)ရပ်ကွက် ကမ်းနားဆိပ်ကမ်း ဆကာကြီးကျေးရွာအနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်သစ် ၃ ဒသမ ၇၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၄၈၁၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Aisin Automatic Transmission Filter ကီလိုဂရမ် ၅၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် LED Bulb အလုံး ၇၀၀၀ အပါအဝင် ကုန်ပစ္စည်း



လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၇၂၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၁၉ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၆၄၃၆၆၇၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၅

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ရွှေရည်ဝင်း၊ အမှတ်(၁၁)ရပ်ကွက်နေ လှဝင်းသိန်းနှင့် အမှတ်(၃) ရပ်ကွက်နေ ဝင်းနိုင်ဦးတို့သည် ၎င်းတို့အသုံးပြုသည့် “Shwe Yee Win” Facebook အကောင့်၊ “Hla Win Thein” Facebook အကောင့်နှင့် “Win Naing Oo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက်နေ ညီညီလွင်(ခ)ညိုကြီးသည် ၎င်းအသုံးပြုသည့် “Nyo Gyi” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၃၉ သိန်း



မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး နိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်ပုံ မြန်မာပါဠိနှင့် မြန်မာပြန် ၂ ချပ်ပါ) | ၂၃၉.၀၀ | ၇၂၀ ဆူ | ၇၂၀ ဆူ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၈၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉,၉၉၇ သိန်း | ၄၀၇၀၇ သိန်း |
| ၃။ | ဘုရားရှုရပ်(၅၄×၃၀×၇၂)ပေ | ၂၉၇၀.၀၀ | ၆ | ၅ | ၁ |
| ၄။ | ဓမ္မာရုံ(၄၈×၂၄×၂၉)ပေ | ၄၈၁၀.၀၀ | ၁ | - | ၁ |
| ၅။ | ဆော်ကွန်းတိုက်(၇၂×၃၀×၇၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားလှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၂,၂၅၁.၅၅ | ၂ | - | ၂ |
| | (ခ) Civil Work လုပ်ငန်း | ၁၆၄၂.၁၅ | ၂ | - | ၂ |
| ၈။ | ရေချိုးအသေး(အလျား ၁၅ ပေ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၅၉၅.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း[illegible](၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၁၇ ခန်း | ၁၈၃ ခန်း |
| ၁၁။ | မြန်မာ့ရိုးရာ[illegible] ၂၅ ပေခန်း | ၃၁.၀၀ | ၄၇၅ ခန်း | ၉၈ ခန်း | ၃၇၇ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ဆောင်တိုင်(ကျောင်းမြန်မာပုံ) | ၇၂.၀၀ | ၅၀ တိုင် | ၂ တိုင် | ၄၈ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | ၁၀ တိုင် | ၃၅၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း မိန်းဂိတ်ဆောင်ကျောင်းကနုတ်ပန်း (ကျောင်းမြန်မာပုံ) | ၇.၀၀ | ၆၅၂ ခု | ၁၅၆ ခု | ၄၉၆ ခု |
| ၁၆။ | ကျောင်းကျောက်ပြား ၁ ကျပ်ချိန် | ၈.၅၀ | ၇၅၇၈.၁၅ ကျပ် | ၅၁ ကျပ် | ၇၅၂၇.၁၅ ကျပ် |
| ၁၇။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာ) | ၄.၅၀ | ၂၁၈.၁၄ ကျပ် | ၂၉ ကျပ် | ၁၈၉.၁၄ ကျပ် |
| ၁၈။ | ကွန်ကရစ် ၈ ပေ [illegible] | ၆.၅၀ | ၈၇၃၃ ကျင်း | ၁၉ ကျင်း | ၈၇၁၄ ကျင်း |
| ၁၉။ | မုစလိန္ဒကန် | ၂,၇၇၁၀.၀၂ | ၁ | ၈၉၉၁ သိန်း | ၁၈၇၁၉.၀၂ သိန်း |
| | (က) မုစလိန္ဒကန်ရေကန်လုပ်ငန်း | ၆၇၁၀.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒကန်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၈.၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒကန်[illegible] | | | | |
| | ၁။ [illegible](၇၃၉၉ စပေ) | ၁၇၁၀.၈၅ | ၁ | - | ၁ |
| | ၂။ [illegible](၇၃၉၉ စပေ) | ၁၇၁၀.၈၅ | ၁ | - | ၁ |
| | ၃။ [illegible](၆၀၄၂ စပေ) | ၁၅၉၅.၂၆ | ၁ | - | ၁ |
| | ၄။ [illegible](၇၅၅၂ စပေ) | ၂,၃၀၆.၄၀ | ၁ | - | ၁ |
| | (ဃ) [illegible](၃၀၇.၆၅ ကျပ်) | ၈.၅၀ | ၃၀၇.၆၅ | - | ၃၀၇.၆၅ |
| | (င) [illegible] | ၁၅.၂၀ | ၅၇ | - | ၅၇ |
| | (စ) အတွင်း/အပြင် [illegible] | | | | |
| | ၁။ အတွင်း/အပြင် [illegible] | ၅၄၀.၀၀ | ၁ | - | ၁ |
| | ၂။ [illegible] | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | [illegible](၁၂ ပေ × ၁၇၆ ပေ) | ၂၁၉.၀၀ | ၁၂၅ ခု | ၇ ခု | ၁၁၈ ခု |
| ၂၁။ | ပိဋကတ်[illegible] (Creamy Paper) လှူဒါန်းနိုင်ရေး[၅၀ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၆၀၂ စုံ | ၃၉၈ စုံ |
| ၂၂။ | ပိဋကတ်[illegible] (Bible Paper) လှူဒါန်းနိုင်ရေး[၅၀ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၂၈၄ စုံ | ၂၁၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၀** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၀၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော် ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက် ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**(က) ဆေးပညာဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာ | Dip.Med.Sc (Clinical Pharmacology) | ၁-နှစ် |

**(ခ) ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ) | M.Med.Sc (Anatomy) | ၂-နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ) | M.Med.Sc (Physiology) | ၂-နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (ဇီဝဓာတုဗေဒ) | M.Med.Sc(Biochemistry) | ၂-နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) | M.Med.Sc(Pharmacology) | ၂-နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ) | M.Med.Sc(Preventive and Tropical Medicine) | ၂-နှစ် |
| (၆) | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ) | M.Med.Sc (Microbiology) | ၃-နှစ် |
| (၇) | ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ) | M.Med.Sc (Pathology) | ၃-နှစ် |
| (၈) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာ ဆေးပညာ) | M.Med.Sc (Medical Jurisprudence) | ၃-နှစ် |
| (၉) | ဆေးပညာမဟာသိပ္ပံ (နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း နှင့်လည်ပင်းခွဲစိတ်ကုပညာ) | M.Med.Sc (Otorhinolary-ngology Head &Neck Surgery) (ORLHNS) | ၃-နှစ် |
| (၁၀) | ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ) | M.Med.Sc (Anaesthesiology) | ၃-နှစ် |
| (၁၁) | ဆေးပညာမဟာသိပ္ပံ (ကိုယ်အင်္ဂါပြန်လည် သန်စွမ်းရေးဆေးပညာ) | M.Med.Sc(Rehabilitation Medicine) | ၃-နှစ် |
| (၁၂) | ဆေးပညာမဟာသိပ္ပံ (အရေပြားရောဂါပညာ) | M.Med.Sc (Dermatology) | ၃-နှစ် |
| (၁၃) | ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ) | M.Med.Sc (Ophthalmology) | ၃-နှစ် |
| (၁၄) | ဆေးပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ) | M.Med.Sc(Mental Health) | ၃-နှစ် |
| (၁၅) | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) | M.Med.Sc(Internal Medicine) | ၃-နှစ် |
| (၁၆) | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) | M.Med.Sc (Surgery) | ၃-နှစ် |
| (၁၇) | ဆေးပညာမဟာသိပ္ပံ (သားဖွားမီးယပ်ပညာ) | M.Med.Sc(Obstetrics and Gynaecology) | ၃-နှစ် |
| (၁၈) | ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) | M.Med.Sc (Paediatrics) | ၃-နှစ် |
| (၁၉) | ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ) | M.Med.Sc(Thoracic Surgery) | ၃-နှစ် |
| (၂၀) | ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုပညာ) | M.Med.Sc(Neurosurgery) | ၃-နှစ် |
| (၂၁) | ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ) | M.Med.Sc (Orthopaedics) | ၄-နှစ် |
| (၂၂) | ဆေးပညာမဟာသိပ္ပံ (ဓါတ်မှန်ပညာ) | M.Med.Sc (Radiology) | ၄-နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိ ထားသူဖြစ်ရမည်။

(ဂ) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါအနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ ဝန်ထမ်းဖြစ်ရမည်။

(မှတ်ချက်။ **ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ ရောဂါဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာနှင့် မေ့ဆေးပညာ** မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။)

(ဃ) ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာသင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ် ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(င) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာသင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)ဘွဲ့ရရှိပြီး၊ အသက်(၅၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဆ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ်နှင့် ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဇ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၄-၈-၂၀၂၃)ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာ ဘာသာရပ်အရည်အချင်းစစ် စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်း မပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ် ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ (၆-၁၀-၂၀၂၃)ရက်(သောကြာနေ့)ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၆၃ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂) မန္တလေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်- မန္တလေး၏ ငွေစာရင်းအမှတ် MD-၀၁၀၀၆၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာ သင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကိုမတက် ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်-မန္တလေး၏ Web-site-www.ummdy.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) အောက်ပါဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်-

| | |
|---|---|
| **ပါမောက္ခချုပ်** | - ၀၂-၄၀၃၆၆၃၉ |
| **ဌာနမှူး(စီမံ/ဘဏ္ဍာ)** | - ၀၂-၄၀၃၆၆၃၇၊ ၀၂-၄၀၃၉၀၅၀ |
| **ကျောင်းသားရေးရာဌာန** | - ၀၂-၄၀၃၉၀၄၂(လိုင်းခွဲ-၂၀၃၊ ၂၂၇) |

**ဆေးတက္ကသိုလ်-မန္တလေး**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်နယ် ကုသရေးဦးစီးဌာန၊လားရှိုးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့ အောက်ရှိ ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများတွင် အသုံးပြုရန်အတွက် လိုအပ်သော FDA အသိ အမှတ်ပြုဆေးနှင့်ဆေး ပစ္စည်းများ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံးဆေးပစ္စည်းအား ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရ အသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံ ရောင်းချမည့်ရက်နှင့် - ၂၆-၆-၂၀၂၃ရက် ၊ နံနက် ၉နာရီ အချိန်

တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၁၀-၇-၂၀၂၃ရက်၊ ညနေ ၄နာရီ

တင်ဒါ ပုံစံရောင်းချမည့်နေရာ - ပြည်နယ်ကုသရေးဦးစီးဌာန၊လားရှိုးမြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ဆေးပစ္စည်းများ၏ စာရင်းအသေးစိတ် အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ပြည်နယ် ကုသရေးဦးစီး ဌာန၊ လားရှိုးမြို့၊ ဖုန်း- ၀၈၂-၂၂၀၄၁၂၁ သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီ**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်
## ၂၀၂၂ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ်- ၂၆၄

| | | |
|---|---|---|
| ဒေါ်ကြည်မွေး | နှင့် | ၁။ ဦးအောင်မြင့် (၎င်း၏ အခွင့်ရကိုယ်စားလှယ် ကိုဇော်ဝင်းထွန်း) |
| | | ၂။ ဦးတင်ထွန်း |
| | | ၃။ ဒေါ်လှလှဝင်း |
| | | ၄။ ဦးဆန်းညွန့် |
| လျှောက်ထားသူ | | လျှောက်ထားခံရသူများ |

လျှောက်ထားခံရသူ ၄။ ဦးဆန်းညွန့်(ဘ)ဦးကျော်သောင်း တပ်ကြပ်ကြီး၊ ခဲယမ်းမီးကျောက်တပ်၊ သန်လျင်ကျေးရွာ၊ ကျောက်ဆည်မြို့နယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်ကြည်မွေး က ဤရုံးသို့ ရမည်းသင်း ခရိုင်တရားရုံး၏ တရားမကြီးမှု အမှတ် ၆၀/၂၀၁၂တွင် ၂၃-၆-၂၀၂၂ရက်စွဲပါ တရားလိုဘက်မှ လျှောက်ထားချက်သည် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ လျှောက်ထားလာခြင်းဖြစ်၍ ပယ်ကြောင်းချမှတ်ခဲ့သည့် အမိန့်ကို ပယ်ဖျက်ပေးပါရန် လျှောက်ထားလာသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၃ ခုနှစ် ဇူလိုင် လ ၂၄ ရက် (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ရက်)နေ့ မွန်းမတည်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေဒီဇင်ဘာအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၈၁၀)၊ (၁၉၉၄ -၁၉၉၅) ကွက်သစ်၊ ဦးပိုင်အမှတ် ၁၂၁၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကို ဒေါ်ခင်လေးညို (ခ)ဒေါ်ခင်ညိုမှ ရွှေဘိုမြို့၊ မြို့ကွက်သစ်မြေနေရာချထားရေး လုပ် ငန်းဦးစီးအဖွဲ့၏ ၂-၈-၁၉၉၅ ရက်စွဲပါ စာအမှတ် ၂၀၈/မြို့ကွက်သစ်/၉၅ (ထွေ) ဖြင့် မြေကွက်ရရှိထားပြီး လူနေအိမ် ဝင်းမြေ အဖြစ် အသုံးပြုရန်အတွက် ပုဂ္ဂလိကမြေငှားဂရန် အသစ်ချထားပေးနိုင်ပါရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ရွှေဘိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၇၆၊ ဦးပိုင် အမှတ် (၃၅-ဈ)၊ မြေဧရိယာ ၀ဒသမ ၀၂၈၄ ဧကရှိ ဒေါ်ခင်သိန်းဌေးအမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်များအားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဒေါ်ခင်သိန်းဌေး(ဘ) ဦးသိန်းတန် ၉/မရမ(နိုင်)၀၁၁၂၅၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ကိုင်ဆောင်သူက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဘိုးဘပိုင်မြေကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ဖြစ်စေ ဝယ်ယူသူကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဒေါ်ဝင်းဝင်းမော်** | **ဦးညီညီချစ်(တရားလွှတ်တော်ရှေ့နေ)** |
| **၉/ မနမ(နိုင်)၁၁၃၀၉၅** | **(စဉ်-၄၃၆၀)** |
| | **B.Sc,M.Sc(Physics),D.B.L,H.G.P, RL(ADVOCATE)** |
| | **ဒေါ်မိုးမိုးခိုင်(စဉ်-၁၃၀၂၆)** |
| | **ဒေါ်ရတနာချစ်စု(စဉ်-၁၃၃၄၆)** |
| | **ဒေါ်သန်းသန်းစိုး(စဉ်-၁၅၂၆၇)** |
| | **(တရားလွှတ်တော်ရှေ့နေများ)** |
| | **၈၇အေလမ်း၊၃၄လမ်းx၃၅လမ်းကြား၊မန္တလေးမြို့** |
| | **ဖုန်း-၀၉- ၂၀၀၃၆၉၀၊ ၀၉-၂၀၅၀၅၆၆** |

## ဖခင်အမည်မှန်

အောင်သုခ ကိုယ်ပိုင်အထက်တန်းကျောင်းနေ Grade- 4 မှ မောင်အောင်ကောင်းဆက်၏ ဖခင်အမည်မှန်မှာ ဦးစောသိန်းကျော် ၁၂/တတန(နိုင်) ၁၉၈၀၀၁ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ဦးသန်းတင့်ဆွေ ၁၂/ဗတထ(နိုင်)၀၄၁၆၆၉ ၏ သမီး မလင်းလက်မှူး အိမ်အား မထက်ကြယ်စင်အောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မထက်ကြယ်စင်အောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/7971, Isuzu ELF NHS 85, VaN (4X4)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်ပ ၁၃/တဟန(နိုင်)၀၄၄၆၂၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/43375, Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်ထွန်း ၈/ရစက(နိုင်) ၂၀၂၅၉၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/90826 ယာဉ်လက်ဝယ်ရှိသူ SAN MYAT ZAW CO.,LTD က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/29864, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်လွင် ၁၄/ဟသတ(နိုင်)၀၂၃၂၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## မွေးသက္ကရာဇ် အမှန်ဖြစ်ကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ သနပ္ပင်ဆိပ်အုပ်စုမှ(ဘ)ဦးထွန်းထွန်း ၉/လဝန (နိုင်) ၁၂၉၆၅၇ ၏သား မောင်ဟန်သာဟိန်း ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၇-၂-၂၀၀၄ ဖြစ်သည်မှာ မှန်ကန်ပါကြောင်း။

၂၇-၂-၂၀၀၄

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အထက ကျုံတနီး Grade- 4မှ မောင်လင်းခန့်မောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇော်လင်း ၁၄/ဓနဖ(နိုင်) ၁၀၃၆၆၂ ဖြစ်ပါကြောင်း။

**ဦးကျော်ဇော်လင်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ဗိုလ်တဲကျေးရွာနေ(ဦးဇော်မင်း)နှင့်ဒေါ်နွဲ့ရင် ၅/ဝလန(နိုင်)၀၃၆၁၇ တို့၏သားဖြစ်သူ မောင်နေရဲလင်း ၅/ဝလန(နိုင်)၁၅၉၇၈၅ သည် မိခင်၏ ဆိုဆုံးမခြင်းကို မနာခံသောကြောင့် သား အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်နေရဲလင်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား ကျွန်မတို့ အနေဖြင့် လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်-ဒေါ်နွဲ့ရင်**

အလိမ္မာ စာမှာရှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## ဆေးပညာပါရဂူဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**(က) ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ပါရဂူဘွဲ့ (ခန္ဓာဗေဒ) | Ph.D (Anatomy) | ၃-နှစ် |
| (၂) | ပါရဂူဘွဲ့ (ဇီဝကမ္မဗေဒ) | Ph.D (Physiology) | ၃-နှစ် |
| (၃) | ပါရဂူဘွဲ့ (ဇီဝဓာတုဗေဒ) | Ph.D (Biochemistry) | ၃-နှစ် |
| (၄) | ပါရဂူဘွဲ့ (ဆေးဝါးဗေဒ) | Ph.D (Pharmacology) | ၃-နှစ် |
| (၅) | ပါရဂူဘွဲ့ (အဏုဇီဝဗေဒ) | Ph.D (Medical Microbiology) | ၃-နှစ် |

**(ခ) ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေဆေးပညာ) | Dr.Med.Sc (General Medicine) | ၃-နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေခွဲစိတ်ကုပညာ) | Dr.Med.Sc (General Surgery) | ၃-နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သားဖွားမီးယပ်ပညာ) | Dr.Med.Sc (Obstetrics & Gynaecology) | ၃-နှစ် |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးကျန်းမာပညာ) | Dr.Med.Sc (Paediatrics) | ၃-နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးရောဂါပညာ) | Dr.Med.Sc (Orthopaedics) | ၃-နှစ် |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးရောဂါပညာ) | Dr.Med.Sc (Cardiology) | ၃-နှစ် |
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ) | Dr.Med.Sc (Respiratory Medicine) | ၃-နှစ် |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ) | Dr.Med.Sc (Thoracic Surgery) | ၃-နှစ် |
| (၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောဆေးပညာ) | Dr.Med.Sc (Neurology) | ၃-နှစ် |
| (၁၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) | Dr.Med.Sc (Neurosurgery) | ၃-နှစ် |
| (၁၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်ရောဂါပညာ) | Dr.Med.Sc (Nephrology) | ၃-နှစ် |
| (၁၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ) | Dr.Med.Sc (Gastroenterology) | ၃-နှစ် |
| (၁၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းရောဂါပညာ) | Dr.Med.Sc (Hepatology) | ၃-နှစ် |
| (၁၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ) | Dr.Med.Sc (Clinical Haematology) | ၃-နှစ် |
| (၁၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) | Dr.Med.Sc (Hand Surgery) | ၃-နှစ် |
| (၁၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ) | Dr.Med.Sc (Gynaecological Oncology) | ၃-နှစ် |
| (၁၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျိုးပွားမှုဆိုင်ရာဆေးပညာ) | Dr.Med.Sc (Reproductive Health) | ၃-နှစ် |
| (၁၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မေ့ဆေးပညာ) | Dr.Med.Sc (Anaesthesiology) | ၃-နှစ် |
| (၁၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတ်မှန်ပညာ) | Dr.Med.Sc (Radiology) | ၃-နှစ် |
| (၂၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ) | Dr.Med.Sc (Ophthalmology) | ၃-နှစ် |
| (၂၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နား၊ နှာခေါင်း၊ လည်ချောင်း၊ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာ) | Dr.Med.Sc (Otorhinolaryngology Head & Neck Surgery) (ORLHNS) | ၃-နှစ် |
| (၂၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ) | Dr.Med.Sc (Medical Jurisprudence) | ၃-နှစ် |
| (၂၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးအကြောအဆစ်ဆေးပညာ) | Dr.Med.Sc (Rheumatology) | ၃-နှစ် |
| (၂၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) | Dr.Med.Sc (Rehabilitation Medicine) | ၃-နှစ် |
| (၂၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့် မျက်နှာ၊ မေးရိုးခွဲစိတ်ကုပညာ) | Dr.Med.Sc (Oral and Maxillofacial Surgery) | ၃-နှစ် |
| (၂၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောရိုးခွဲစိတ်ကုပညာ) | Dr.Med.Sc (Spine Surgery) | ၃-နှစ် |
| (၂၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုပညာ) | Dr.Med.Sc (Hepatobiliary and Pancreatic Surgery) | ၃-နှစ် |
| (၂၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) | Dr.Med.Sc (Endocrinology) | ၃-နှစ် |
| (၂၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (စိတ်ကျန်းမာပညာ) | Dr.Med.Sc (Mental Health) | ၃-နှစ် |
